mgyoe.com

SAMPLE BOOK




သီရိဇွန်

# ခေမာရောင်စဉ်များ

mgyoe.com

2500
kwy.402

mgyoe.com SAMPLE BOOK

၂၀၀၀ ပြည့်နှစ်တွေမှာ ကြီးပြင်းလာကြတဲ့ စရိုက်မတူတဲ့ ညီအစ်မ နှစ်ယောက်ကြားက နှောင်ဖွဲ့မှု၊ မိသားစုမေတ္တာနဲ့ မြီးကောင်ပေါက်အရွယ်မှာ ကြုံရတဲ့ ပြဿနာလေးတွေအကြောင်း၊ သူတို့ ချစ်တဲ့ လူတွေ၊ နေရာဒေသတွေနဲ့ သူတို့ကို ဘယ်သူမှ မသင်ပေးတဲ့ ကြီးပြင်းခြင်းတွေ အကြောင်းရယ်ပါပဲ။

ကျွန်မတို့က မြီးကောင်ပေါက်ကလေးတွေလို့ လွယ်လွယ် ခေါ်ကြတဲ့ ၁၁ နှစ်ကနေ ၁၅ နှစ် အရွယ်တွေဟာ ရုပ်ပိုင်း ဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ ကြီးပြင်းတဲ့ အရွယ် ဖြစ်ပါ တယ်။ သူတို့ အဲဒီအရွယ်မှာ သင်ကြားခဲ့ရတာတွေက သူတို့ ကို တစ်ဘဝလုံး လမ်းညွှန်သွားတော့မှာလို့ ကျွန်မ ထင်ပါတယ်။

ISBN 978-99971-44-15-7
K0402
9 789997 144157 >

Cover Design: Maung Day

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- မောင်ဒေး
တန်ဖိုး - ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK

# ခေမာရောင်စဉ်များ

သီရိဇွန်



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ခေမာ ပေးခဲ့တဲ့ ရောင်စဉ်များအကြောင်း

ကျွန်မဘဝမှာ အမြဲသဘောကျခဲ့တဲ့ စကားလေးတစ်ခွန်း ရှိတယ်။ 'ကိုယ်ဖတ်ချင်တဲ့ စာအုပ်က မရေးရသေးရင်၊ မရှိသေးရင် ကိုယ့်ဟာကိုယ် ရေးပါ' တဲ့။ ကျွန်မအတွက် ခေမာ ရောင်စဉ်များက အဲဒီလို စာအုပ်ပါပဲ။ ကျွန်မကိုယ်တိုင်ဖတ်ချင်လို့ ရေးထားတဲ့ စာအုပ်ပဲ ဆိုပါတော့။

ခေမာကို စရေးတာ ၂၀၁၆ ခုနှစ်မှာပါ။ ကျွန်မအသက် ၂၃ နှစ် ဖြစ်မယ်။ ကျွန်မတစ်ခုခု အရမ်းရေးချင်နေခဲ့တယ်။ သူငယ်ချင်းတစ်ယောက်က ဆိုရှယ်မီဒီယာမှာ အပိုင်းဆက်ဝတ္ထုရှည် ရေးနေတာကို တွေ့တော့ ငါလည်း အဲဒီလို ရေးမယ် ဆိုပြီး လိုက်ရေးရင်း ဈာန်ဝင်သွားပြီး အခုဒီစာအုပ်လေး ဖြစ်လာတာပါပဲ။ ဒီမှာပါတဲ့ ခေမာဇာတ်ကောင်ရော၊ ကြည်ပြာဇာတ်ကောင်ရော၊ တိုးတိုးဇာတ်ကောင်ရော စိတ်ကူးယဉ်ဇာတ်ကောင်တွေပေမယ့် ကျွန်မအတွက်ကတော့ ကိုယ့်ရင်က ပေါက်ဖွားတာမို့လို့လား မသိဘူး၊ အပြင်မှာ တွေ့ဖူး၊ မြင်ဖူးသလို ရင်းနှီးလို့ နေပါတယ်။ စာဖတ်သူလည်း တွေ့ရင် တွေ့ဖူးပါလိမ့်မယ်။ ကျွန်မတို့ရဲ့ ခေမာ၊ ကျွန်မတို့ရဲ့ ကြည်ပြာတွေ နေရာများစွာမှာ ရှိနေလိမ့်မယ်။

ကျွန်မ စရေးကတည်းက အရှေ့ကို ကြိုတင် မတွေးပါဘူး။ စိတ်ထဲက ပေါ်လာတဲ့အတိုင်း နေ့စဉ်နီးပါး ရေးလာခဲ့တာပါပဲ။ ညီအစ်မနှစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်း၊ မိသားစုမေတ္တာနဲ့ ကျွန်မတို့ မြီးကောင်ပေါက်အရွယ်မှာ ကြုံရတဲ့ ပြဿနာလေးတွေရယ်၊ ကျွန်မတို့ကို ဘယ်သူမှ မသင်ပေးတဲ့ ကြီးပြင်းခြင်းတွေ အကြောင်းရယ်ပါပဲ။ ကျွန်မတို့က မြီးကောင်ပေါက်ကလေးတွေလို့ လွယ်လွယ် ခေါ်ကြတဲ့ ၁၁ နှစ်ကနေ ၁၅ နှစ်အရွယ်တွေဟာ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်း ဆိုင်ရာပါ ကြီးပြင်းတဲ့ အရွယ် ဖြစ်ပါတယ်။ သူတို့ အဲဒီအရွယ်မှာ သင်ကြား ခဲ့ရတာတွေက သူတို့ကို တစ်ဘဝလုံး လမ်းညွှန်သွားတော့မှာလို့ ကျွန်မ ထင်ပါတယ်။ အဲဒါကြောင့် ကျွန်မ အဲဒီအရွယ်တုန်းက ဒီလိုလေး ရေးထားတဲ့ စာအုပ်လေးတစ်အုပ်လောက် ဖတ်ခဲ့ရရင် ကောင်းမှာပဲ ဆိုတဲ့ အတွေးကနေ ဒီစာအုပ်ကို ရေးဖြစ်သွားတာပါပဲ။ ကျွန်မရဲ့ လစ်ဟာနေတဲ့ နှလုံးသားထဲက အပေါက်တစ်ပေါက်ကို ကိုယ့်ဟာကိုယ် ဖြည့်ဆည်းပေးလိုက်တာ ဆိုရင်လည်း မမှားပါဘူး။

ကျွန်မက ခေမာတို့ ဇာတ်လမ်းကို မဆုံးစေချင်ဘူး။ အဆုံးသတ်ရမှာ နှမြောတယ်။ အစကတည်းက open ending လို့ ခေါ်တဲ့ ဖွင့်ထားတဲ့ အဆုံးသတ် တွေကို ကြိုက်တဲ့သူ ဆိုတော့ ခေမာတို့ ဇာတ်လမ်းကို စာဖတ်သူတွေရဲ့ နှလုံးသားထဲမှာ ဆက်လက် ရှင်သန်နေစေချင်ပါတယ်။ ခေမာဟာ ကျွန်မဘဝရဲ့ အရေးကြီးတဲ့ တစ်စိတ်တစ်ဒေသအဖြစ် အမြဲပါဝင်နေမှာ ဖြစ်သလို ဖတ်တဲ့ သူကိုလည်း ကျွန်မရဲ့ မေတ္တာတွေ ကူးစက်ခံစားစေချင်ပါတယ်။ ဟယ်ရီပေါ်တာ ထဲမှာ ဗိုလ်ဒီမော့ဟာ သူ့ဝိညာဉ်ကို Horcrux လို့ ခေါ်တဲ့ အပိုင်းအစတွေ ခွဲထားခဲ့ပြီး အဲဒါတွေကို သူ့အတွက် အရေးကြီးတဲ့ နေရာတွေမှာ အောက်လမ်းမှော်အတတ်နဲ့ ဝှက်ထားခဲ့တယ်။ ခေမာ ရောင်စဉ်များကတော့ ကျွန်မရဲ့ အောက်လမ်း မှော်ပညာ ကို မသုံးဘဲ ဝှက်ထားတဲ့ ဝိညာဉ် အပိုင်းအစတစ်ခု ဖြစ်ပါတယ်။

ချစ်ရတဲ့ ဆရာမကြီးမာဂရက်အတ်ဝုဒ် ပြောသလို နောက်ဆုံးမှာ တို့ အားလုံးဟာ ပြောပြစရာ ဇာတ်လမ်းတွေပဲ ဖြစ်ကျန်ရစ်မှာပါတဲ့။ ကျွန်မကတော့ ကျွန်မ ပြောပြတဲ့ ဇာတ်လမ်းလေးက လူတွေရဲ့ နှလုံးသားကို နွေးစေခဲ့ရင်ပဲ ကျေနပ်ပါပြီ။

ချစ်ခင်ရင်းနှီးစွာဖြင့်–
သီရိဇွန်

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

မကြီးက သိပ်ရယ်ရတယ်။ သူက တစ်ခုခုကို စုံထောက်လုပ်ရတာကို သိပ်ဝါသနာပါတာ။ သူ့အသက် ၁၁ နှစ်လောက်အရွယ်က ဖြစ်မယ်။ အိမ်နားက ဒေါ်ဒေါ်ချစ်မွေးတို့အိမ်က ဗိုလ်နီဆိုတဲ့ ခွေး ပျောက်သွားလို့ သူ စုံထောက်သွားလုပ်တယ်။ ခွေးဆိုတော့ ခွေးလို တွေးရမယ်လို့ လေးဘက်ထောက်ပြီး ဟိုအနံ့ခံ၊ သည်အနံ့ခံနဲ့ မြေကြီးပေါ် သူ စပ်စုတယ်။ နောက်ဆုံးမြို့အပြင်မှာ ဗိုလ်နီတို့အုပ်စုကို သူ တွေ့လိုက်ရတယ်။ ခွေးများ ဂနာမငြိမ်တဲ့လ ဆိုတော့ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် သူ အရမ်းလန့်သွားတယ်။ ဒါနဲ့ သူ ဗိုလ်နီ့ကို ဝင်ဆွဲတယ်။ ဗိုလ်နီရော၊ အခြားမှန်နေတဲ့ ခွေးတွေပါ ဝိုင်းလိုက်လို့ မကြီး အိမ်ကို သေပြေးရှင်ပြေး ပြေးလာရတာကို မေမေပြန်ပြောတိုင်း ကျွန်မက မကြီးကို လက်ညှိုးထိုးထိုးပြီး ရယ်တာ။ မကြီးက မျက်စောင်းတခဲခဲနဲ့ အံကို ကြိတ်နေတတ်တယ်။

ကျွန်မနဲ့ မကြီးဟာ တစ်ဖအေ၊ တစ်မအေတည်း မွေးပေမယ့် တော်တော်ကွာတာ။ ကျွန်မက မကြီးလိုမျိုး လူတွေနဲ့လည်း မပေါင်းတတ်။ ပရဟိတတွေလည်း မလုပ်။ ကြောက်တတ်လိုက်တာလည်း အလွန်အကျွံ။ သွေးမြင်ရင် မူးချင်တာ။ မကြီးက သူ့ကျောင်းက သူငယ်ချင်းတွေနဲ့ ပေါင်းပြီး ဖော်လင်တီယာ

mgyoe.com

mgyoe.com

SAMPLE BOOK


ကြက်ခြေနီတောင် သွားလုပ်သေးတာ။ လူတွေကို ကူညီပေးဖို့ဆိုလည်း ထိပ်ဆုံးကပဲ။ ရပ်ကွက်ထဲမှာ ဘာအလှူလုပ်လုပ် သူက ထိပ်ဆုံးက ပါတယ်။ ကြည့်လိုက်တော့ ပိန်ပိန်ပါးပါး။ ဒါပေမဲ့ လော်စပီကာကြီး ကိုင်ပြီး အော်နေတဲ့ မကြီးကို မြင်ရင် ကျွန်မ သိပ်အားကျတာ။ တစ်ခါ ရပ်ကွက်ထဲက အသုဘမှာ မကြီးက မိုက်ဖွင့်ပေးဖို့ တာဝန်ယူတယ်။ သူကိုယ်တိုင် သီချင်း ရွေးတာပေါ့။ သူဖွင့်တဲ့ သီချင်းက အယ်လ်ခွန်းရီနဲ့ ဆုန်သင်းပါရဲ့ ဆိုထားတဲ့ 'တိမ်ပေါ်ခုန်တက် ကလိုက်စမ်း" တဲ့။ အသုဘအိမ်က လူကြီးက ရှူးရှူးရှားရှားနဲ့ မျက်ထောင့်ကြီးနီပြီး ကြည့်နေတော့ မကြီးက ငါ ဘာများလုပ်မိလို့လဲပေါ့။ အဲဒီမှာ မိုက်က ထွက်လာတာ 'နင်ငိုရင် ရွှေတွေ ရမလား၊ နင်ငိုရင် ငွေတွေ ရမလား" ။ တဟီးဟီးငိုနေတဲ့ ကွယ်လွန်သူရဲ့ အမျိုးတွေ မကြီးကို စားမတတ် ဝါးမတတ် ကြည့်နေကြတော့မှ မကြီး သဘောပေါက်ပြီး ပိတ်လိုက်ရတယ် ဆိုပဲ။

ကျွန်မတို့ညီအစ်မ တည့်လားဆိုတော့ မတည့်ဘူး။ ကျွန်မက အငယ်ဆုံးဆိုတော့ ကျွန်မထက် သုံးနှစ်နီးပါးကြီးတဲ့ မကြီးကို သိပ်ဗိုလ်ကျချင်တာ။ မကြီးရဲ့ ပန်းကန်ထဲက လုစားတာမျိုး။ မကြီး စာကျက်နေရင် သွားနှောင့်ယှက်တာမျိုး။ မကြီးက စိတ်တိုရင် ထအော်ရော။ ကျွန်မက မသိချင်ယောင်ဆောင် နေတာနဲ့ ဟုတ်နေတာပဲ။ တစ်ခါက ကျွန်မ မကြီးရဲ့ စာအုပ်ထဲမှာ သကြားတွေ ဖြူးထားလိုက်တာ။ ညလည်း အိပ်ရော သူ ပုရွက်ဆိတ်ကိုက်လို့ တစ်ညလုံး အိပ်လို့ မရဘူး။ မိုးလင်းတော့ ကျွန်မ ရယ်နေတာ မြင်တော့ ကျွန်မလက်ချက် ဆိုတာ သိသွားပြီး လာပြောတယ်။ 'ဟဲ့… ခွေးမ၊ နင်ကြပ်ကြပ်သတိထား၊ နောက်နေ့ နင့်အိပ်ရာမှာ ငါ လက်ပြတ်ကြီး လာထားမယ်" တဲ့။ လက်ပြတ်ဆိုတာ ကျွန်မတို့ ဟိုနေ့က ကြည့်တဲ့ သရဲကားထဲက ကျွန်မ အရမ်းကြောက်တဲ့ အခန်းကို သူ ပြောတာ။ ကျွန်မက သူလျှောက်ပြောနေတာ သိပေမယ့် နည်းနည်းတော့ ကြောက်တာပေါ့။ မေမေက ကျွန်မကို အဲဒီလို နောက်တစ်ခါ မလုပ်ရဘူး ဆိုပြီး ဆူတယ်။

ပြီးတော့ မကြီးက အပေါင်းအသင်း သိပ်စုံတာပဲ၊ ရပ်ကွက်ထဲက ဆိုက်ကားသမား ဦးလေးကြီးတွေနဲ့လည်း သူအကုန်သိ။ ကွမ်းယာဆိုင်က ဒေါ်ပတို့နဲ့လည်း သူ ရင်းနှီးတယ်။ ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းက ကိုရင်လေးတွေကအစ ကျောင်းထိုင်ဘုန်းကြီးအဆုံး သူ့ကို သိကြတယ်။ ကျွန်မမှာ သူနဲ့ လိုက်သွားရင် မျက်နှာ တော်တော်ရတယ်။ 'ခေမာရဲ့ ညီမလေး' ဆိုပြီးတော့လေ။ တစ်ခါတော့ သူ သီလရှင် ဝတ်ပါလေရော။ အစကတော့ အေးဆေးပဲ။ "ငါက တစ်သက်လုံး

mgyoe.com

mgyoe.com

SAMPLE BOOK


ဝတ်ချင် ဝတ်သွားမှာ" ဆိုပြီးတောင် ကျွန်မကို ပြောလိုက်သေးတယ်။ ကျွန်မက "အားကြီးကြီး... နင်လား ဝတ်မှာ" လို့ ပြောချင်ပေမယ့် သူက သီလရှင်ဝတ်စုံနဲ့ ဆိုတော့ ငြိမ်နေလိုက်ရတယ်။ ပြီးရင် သူက အဲဒီဝတ်စုံကို အကြောင်းပြုပြီး ကျွန်မကို နိုင်းတာလည်း မပြောနဲ့။

"ဟဲ့...ဒကာမလေး ကြည့်ပြာ၊ ငါ့ကို အိမ်က အချိုတည်းစရာလေး ဖြစ်ဖြစ် ယူခဲ့စမ်း"

ကျွန်မက သုန်သုန်မှုန်မှုန်နဲ့-

"ဟုတ်ကဲ့"

'ဟဲ့... တင်ပဲ့ါဘုရားလို့ ပြန်ပြောစမ်း"

သူ ကျိတ်ရယ်နေမယ်မှန်း ကျွန်မ သိသားပဲ။ ဒီလိုနဲ့ သူဝတ်တာ နှစ်ပတ်လောက် ကြာလာရော။

သီလရှင်ကျောင်းဆိုတော့ ခွေးတွေ အများကြီး မွေးထားတာလေ။ တစ်နေ့တော့ ခွေးနှစ်ကောင် အသည်းအသန် ကိုက်ကြပါလေရော။ ဘယ်သူမှလည်း ဖျန်ဖြေမရ။ အဲဒီမှာ အရမ်းကို လက်ယားနေတဲ့ မကြီးဟာ မနေနိုင်တော့။ ကပ္ပိယဆီက လေးခွကို တောင်း၊ သီလရှင်ဝတ်စုံကို မပြီး ခွေးတွေကို ဂိန်ခနဲ မြည်အောင် လိုက်ပစ်တာ။ စဉ်းစားကြည့်ပေါ့။ သီလရှင်နဲ့ လေးခွနဲ့။ အဲဒီအကြောင်း ဖေဖေနဲ့မေမေ ကြားတော့ သူ့ကို လာမေးကြတယ်၊ ထွက်တော့မှာလားတဲ့။ သူက မထွက်သေးဘူးတဲ့၊ နေဦးမယ်တဲ့။

အဲဒီအတွင်း ကျွန်မတို့ ရပ်ကွက်ထဲမှာ စင်တင်ရှိုးပွဲတစ်ခု လုပ်မယ်လို့ သတင်းထွက်လာရော။ မကြီးက အဲဒီလို ပွဲတွေဆိုရင် အူထဲ အသည်းထဲက ဝင်ပါချင်တာလေ။ အဲဒါနဲ့ ကျွန်မက ဖေဖေနဲ့ မေမေကို သူသီလရှင် ထွက်စေမယ့် အကြောင်း ရှာတွေ့ပြီလို့ ပြောတော့ မေမေက"သူ နေပျော်ရင် နေပါစေ ကြည့်ပြာရယ်" တဲ့။ ကျွန်မတစ်ယောက်တည်း ပျင်းလို့ သေတော့မယ်။ ရန်ဖြစ်ဖော်လည်း မရှိတော့လေ။ အဲဒါနဲ့ ကျွန်မ သီလရှင်ကျောင်းကို သွားပြီး မကြီးကို စတိတ်ရှိုး အကြောင်း ပြောပြတယ်။"ရပ်ကွက်ထဲမှာ စတိတ်ရှိုး လုပ်မလို့တဲ့ ဆရာလေး"။ သူ့မျက်လုံးတွေ လက်ခနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ အမယ် သူက တရားပေါက်နေတဲ့ ရဟန္တာစတိုင်နဲ့ "ဟဲ့... ဒကာမ မိကြည့်ပြာ၊ ဒါတွေက လောကီ အပျော်အပါးတွေပါ။ ဆရာလေးလို တရားဓမ္မနဲ့ မွေ့လျော်နေရင် ဒါမျိုးတွေ စိတ်မပါတော့ဘူး" တဲ့။ ကျွန်မလည်း သီလရှင်မို့လို့ပေါ့။ ပြောပုံ့ဂိုက၊ မသိရင် ကျွန်မက မနက်ဖြန်၊

mgyoe.com

mgyoe.com


သန်ဘက်ခါ အစိစိကို ရောက်တော့မှာလိုလို ဘာလိုလို။ အဲဒါနဲ့ စတိတ်ရှိုး ပထမည ရောက်လာတယ်။ စတိတ်ရှိုး လုပ်တဲ့နေရာက မကြီး သီလရှင်ဝတ်တဲ့ ကျောင်းနဲ့ နီးနီးလေး။ အသံအားလုံး ကြားရတယ်။ ခါတိုင်းဆိုရင် မကြီးနဲ့ ကျွန်မ သွားကြည့်နေကျ။ အခု အဖော်လည်း မရှိတော့ ကျွန်မ မသွားရဘူး။ ကျိန်ဆဲရအောင်လည်း သူက သီလရှင်။ ဒါပေမဲ့ ကျွန်မ သိတယ်။ သူဒီအသံတွေ ကြားရင် မခံနိုင်လောက်ဘူး ဆိုပြီး။

နောက်တစ်နေ့ အိပ်ရာက နိုးလာတော့ မီးဖိုချောင်ထဲမှာ အသံတွေ ကြားတယ်။ အံဒါနဲ့ သွားကြည့်တော့ ဘုရားစူး သီလရှင် လူထွက်ပြီး ရောက်နေတာ။ ကျွန်မ သူ့ကိုမြင်တော့ ရယ်လိုက်ရတာ။

"အမယ်လေး... တရားဓမ္မနဲ့ မွေ့လျော်သူကြီး၊ အခုတစ်ညပဲ ကြားလိုက်တယ်၊ မခံနိုင်ဘူး မဟုတ်လား"

"အောင်မာ၊ ငါက ထွက်ချိန်တန်လို့ ထွက်တာ"

"ဩော်... ဟုတ်လား၊ တိုက်ဆိုင်တယ်နော်"

"ပါးစပ်ပိတ်ထားစမ်း"

ဆိုပြီး ကျွန်မကို လိုက်ရိုက်ပါလေရော။ ဘာပဲပြောပြော ကျွန်မ ပျော်မိတာတော့အမှန်ပဲ။စတိတ်ရှိုးသွားလို့ရပြီ။အဲဒီနေ့ညက မနေ့က သီလရှင်တစ်ဖြစ်လဲ မကြီးဟာ ဝုန်းဒိုင်းကြဲနေတာများ မြင်မကောင်းဘူး။ တကယ့်အဆိုတော်တွေ မလာခင် သူပါ တက်ဆိုလိုက်သေးတယ်။ ဆိုတဲ့ သီချင်းက ရေစီးကြောင်း သံယောဇဉ်တဲ့။ ရပ်ကွက်လူကြီးတွေက ပြုံးစိစိနဲ့။

"ခေမာ တစ်ယောက် မျိုသိပ်ထားတာတွေ များနေပြီ ထင်ပါရဲ့"

ဖေဖေကတော့ ပြောပါတယ်။

"ဘာပဲပြောပြော သူ့ဟာနဲ့သူ ပျော်တတ်တယ်၊ တရားဓမ္မနဲ့လည်း မွေ့လျော်တတ်တယ်၊ ဒါတွေက သူ့ကို ပွဲပြင်ပေးလိမ့်မယ်။ အငယ်မ နောက်တစ်ခါ သမီးပါ ဝတ်ရမယ်နော်"

ကျွန်မက ခေါင်းတုံးလို့ အခေါ်ခံရမှာ ကြောက်တာနဲ့ အင်းမလှုပ် အဲမလှုပ်။

နောက်တစ်လကြာလို့ သီလရှင်ကျောင်းကို ကျွန်မတို့မိသားစု အလှူလုပ်ဖို့သွားတော့ အဲဒီက ဆရာလေးက မကြီးကို မေးတယ်။

"မိဒေမာ၊ နောက်ဆုံးနေ့က တရားမှ ရလိုက်ရဲ့လား"

မကြီးက ရှက်ပြုံးပြုံးနေတယ်။ ဖေဖေက နားမလည်တော့-

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာလို့ပါလဲ ဆရာလေး"

လို့ မေးတယ်။

"ဩော်...သူအဲဒီနေ့က ပျာယာခတ်နေတာပဲ။ ဟိုဘက်လျှောက်လိုက်၊ ဒီဘက် လျှောက်လိုက်နဲ့"

အခြေအနေကို နားလည်သွားတဲ့ ကျွန်မက ထိုင်ရယ်ပြီး ပြောလိုက်တယ်။

"အဲဒါနဲ့ မျှားငါ့ကို ဒါတွေက လောကီအပျော်အပါးဆိုပဲ။ ဘုရားဖြစ်မယ့် ဘာခဲ ဆိုလား"

မကြီးက ကျွန်မကို မျက်စောင်းထိုးနေရဲ့။

မကြီးက သူ့အတန်းထဲမှာ အတန်းခေါင်းဆောင်ဆိုပဲ။ အိမ်စာများများ မပေးဖို့၊ အတန်းစောစောလွှတ်ပေးဖို့၊ ဆရာမတွေကို သူတို့ရဲ့ အတွေ့အကြုံတွေ ပြောပြဖို့ (စာမသင်ရင် ပြီးရော) ဒိုင်ခံတောင်းဆိုတာပေါ့။ ဆရာမတွေကလည်း သူက အားကိုးရတော့ သူ့ကို ချစ်ကြတယ်။ ကျွန်မတို့အဖေက ရှေ့နေလေ။ မကြီးက ဥပဒေနဲ့ ပတ်သက်လို့ ဘာမှတော့ မသိပါဘူး။ ဒါပေမဲ့ သူ့သူငယ်ချင်းတွေ သူမကြိုက်တာ လုပ်လို့ရှိရင် ပုဒ်မ ၁၃၀ နဲ့ ငြိစွန်းမယ် ဘာမယ် လျှောက်ပြောတာ။ သူ့သူငယ်ချင်းတွေကလည်း ရှေ့နေသမီးဆိုတော့ ဟုတ်လိမ့်နိုးနိုးနဲ့ ကြဲဖန် ကြောက်နေရတယ်။ မကြီးက အဲဒီလို လူလည်ကျတာမျိုး။

အခု မကြီးက ကိုးတန်း။ ကျွန်မက ခြောက်တန်းပေါ့။ ကျွန်မတို့က တစ်ကျောင်းတည်းပေမယ့် ကျောင်းချိန်မတူဘူး။ သူတို့ ကိုးတန်း၊ ဆယ်တန်း တွေက မနက်ဘက် တက်ရပြီး ကျွန်မတို့က နေ့လယ် တက်ရတာ။ ၁၂ ကနေ ပေါ့။ မကြီးက နေ့လယ်ဆို စက်ဘီးတစ်စီးနဲ့ ရပ်ကွက်ပတ်နေပြီး ငါးနာရီထိုးရင် ကျွန်မကို လာကြိုတယ်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

ကျွန်မတို့အတန်းထဲမှာ ခြူးဆက်ဝေ ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ သူ့ကို တစ်တန်းလုံး ရှိန်ကြတယ်။ ဘာလို့လဲ မသိဘူး။ သူ့ပုံစံက နည်းနည်း အနိုင်ကျင့် ဗိုလ်ကျတတ်တယ်။ တစ်နေ့တော့ ကျွန်မတို့ကျောင်းရဲ့ ထုံးစံအတိုင်း သောကြာနေ့တွေဆို နောက်ဆုံးအချိန်ကို ဗီဒီယိုပြတယ်။ စာသင်ချိန်မှာ နောက်ဆုံးခုံလိုချင်ကြတဲ့ ကျွန်မတို့တွေဟာ ဗီဒီယိုချိန်မှာတော့ ရှေ့ဆုံးခုံကို အပြေးအလွှား လုကြတယ်။ အဲဒီနေ့က ကျွန်မရှေ့ဆုံးခုံမှာ နေရာရသွားတယ်။ ပျော်နေတုန်း ခြူးဆက်ဝေက ကျွန်မနား ရောက်လာပြီး ထခိုင်းတယ်။ ကျွန်မက မထဘူး။ ဆရာမက အခွေသွားယူနေတာမို့ မရှိဘူး။ ခြူးဆက်ဝေဟာ ကျွန်မကို အတင်းဆွဲချပြီး တွန်းပစ်လိုက်တယ်။ ပြီးတော့ ပြောတယ်။ "နင် ဆရာမကို သွားတိုင်ရင် သေပြီသာမှတ်" တဲ့။ ကျွန်မလည်း ဘာမှန်းမသိတော့ ကြောက်ကြောက်နဲ့ မျက်ရည်ဝဲလာရော။ မကြီး လာကြိုတော့ ကျွန်မ ခါတိုင်းလို စကားတွေ ပြောမနေတာကို သတိထားမိပုံပဲ။ သူက ထုံးစံအတိုင်း ဂိတ်ဝက ဆရာမတွေကို နှုတ်ဆက်လိုက်၊ လာကြိုတဲ့ မိဘတွေနဲ့ စကားပြောလိုက်နဲ့ အလုပ်ရှုပ်နေတယ်။ ဒါပေမဲ့ လမ်းပေါ်ရောက်တော့ မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကြည်ပြာ၊ ဘာဖြစ်လာတာလဲ"

ကျွန်မက မပြောဘူး။ အဲဒါနဲ့ မကြီးလည်း ဆက်မမေးဘူး။ အိမ်ပြန်ရောက်တော့ သူက ကျွန်မကြိုက်တဲ့ ဒိန်ချဉ်ရယ်၊ ပေါင်မုန့်နဲ့ဆီဆမ်းရယ် လုပ်ပြီး ကျွန်မတို့ နှစ်ယောက် အိပ်တဲ့ အိပ်ခန်းထဲကို ယူလာတယ်။ ပြီးတော့ ကျွန်မကို ညင်ညင်သာသာ မေးတယ်။

"ကြည်ပြာ၊ ဘာဖြစ်လို့လဲ၊ ရီပို့တ်ကတ် အဆင့်ကျလို့လား"

တဲ့။ ရီပို့တ်ကတ် အဆင့်ကျလို့ အမေ ဆူရင် သူက ကျွန်မဘက်က ပါနေကျလေ။ ကျွန်မက အဲဒီလို အမေးခံရလေ၊ ငိုချင်လေပဲ။

"ငါ့ကို ပြောလို့ရပါတယ်၊ ငါက နင့်အစ်မပဲဟာကို"

အဲဒီလိုလည်း ပြောတော့ ကျွန်မ ငိုပါလေရော။ မကြီးက ကျွန်မကို ဖက်ထားတယ်။ ကျွန်မက ငိုနေရင်းနဲ့ ခြူးသက်ဝေ အနိုင်ကျင့်ပုံကို ပြောပြတယ်။ ကျွန်မက ငိုသံတွေနဲ့ရောပြီး ပြောနေတော့ သူ နားလည်တစ်ချက်၊ မလည်တစ်ချက်ပဲ။ နောက်ဆုံး လိပ်ပတ်လည်တော့မှ သူက ကျွန်မ အငိုတိတ်အောင် စောင့်ပြီး အေးအေးဖွဖွလေး ပြောတယ်။

"မကြီးပြောတာ နားထောင်နော် ကြည်ပြာ၊ နင့်အရွယ်က မကြီးရှေလို့ ခေါ်လိုက်တိုင်း ငါ နင့်ဆီ အပြေးအလွှားလာပြီး ကာကွယ်ပေးနေရမယ့် အရွယ် မဟုတ်တော့ဘူးနော်၊ ကိုယ့်ဟာကိုယ် ကာကွယ်တတ်ရမယ်။ အဲဒီ ခြူးဆက်ဝေကို နင့်ဟာနင် ခုခံနိုင်ရမယ်။ နောက်နေ့ကျရင် သူက အဲဒီလို လုပ်လာရင် နင်က 'ဒါ နင့်နေရာ မဟုတ်ဘူး' လို့ ပြန်ပြောနိုင်ရမယ်။ နင်တို့အရွယ်တွေက အနိုင်ကျင့်လို့ ရလို့ ကျင့်တာ၊ ငြိမ်မနေဘဲ ပြန်ပြောရင် သူ့ဟာသူ နောက်ဆုတ်သွားရော"

ကျွန်မက မကြီးပြောတာ နားလည်ပေမယ့် ခြူးဆက်ဝေကို ရင်ဆိုင်နိုင်လောက်အောင် ကျွန်မ သတ္တိ မရှိဘူး။ အဲဒီစနေ၊ တနင်္ဂနွေကုန်သွားမှာ ကျွန်မ အရမ်း ကြောက်တာပဲ။ တနင်္လာနေ့ ခြူးဆက်ဝေ မျက်နှာကြီးကို တွေ့ရတော့မှာလေ။ မကြီးက တနင်္လာနေ့ကျောင်းဆင်းတော့ ကျောင်းတက်ဖို့လာတဲ့ ကျွန်မကို စောင့်နေပြီး အတန်းထဲထိ လိုက်ပို့တာ။ ခြူးဆက်ဝေဆိုတာ ဘယ်သူလဲပြ ဆိုတော့ ကျွန်မ ပြလိုက်တယ်။ မကြီးက ခေါင်းညိတ်ပြီး ပြန်သွားတယ်။

ကျွန်မက မကြီးပြောသလို သူ့ကို ရင်ဆိုင်မယ့် နေနေသာသာ၊ သူ ကျွန်မကို စကား လာမပြောပါစေနဲ့လို့ ဆုတောင်းနေရတယ်။ အဲဒီနေ့ တစ်နေ့လုံး ခြူးဆက်ဝေရဲ့ ပစ်မှတ်က အခြားတစ်ယောက် ဖြစ်နေတယ်။ သူနဲ့တွဲတွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ငြိမ်းငြိမ်းသူ ဆိုတာ ရှိတယ်။ ငြိမ်းသူက ဒီအတိုင်းဆိုရင် သဘောကောင်းတယ်။ ကျွန်မနဲ့လည်း အဆင်ပြေတယ်။ သူနဲ့ကျွန်မက မြို့နယ်ထူးချွန်ထက်မြက် ဖြေဖော် ဖြေဖက်တွေ ဆိုတော့ စာကျက်ဖက်တွေ ဆိုပါတော့။ ဒါပေမဲ့ သူ့ဘေး နားမှာ ခြူးဆက်ဝေ ရောက်သွားတာနဲ့ သူလည်း ခြူးဆက်ဝေရဲ့ မှိုင်းတွေမိပြီး ပြောင်းသွားရော။

အတန်းထဲမှာ စာလည်း သိပ်မရ၊ ပုံစံလေးကလည်း နည်းနည်း အူလည် လည် ဖြစ်နေတဲ့ ဖြူသန့်နွယ်ဆိုတာ ရှိတယ်။ ဒီနေ့ ခြူးဆက်ဝေရဲ့ ပစ်မှတ်က ဖြူသန့်နွယ် ဖြစ်နေတယ်။ သူတို့နှစ်ယောက်ဟာ ဖြူသန့်နွယ်ကို ကြည့်ပြီး လှောင်နေကြတယ်။ ကျွန်မကလည်း ကျွန်မဘက်ကို မြားဦးမလှည့်ရင် ပြီးရော ဆိုပြီး မသိသလိုပဲ နေတယ်။ ဖြူသန့်နွယ်မှာ မိန်းကလေးသူငယ်ချင်း မရှိဘူး။ သူ့ကိုဘယ်မိန်းကလေးမှ မပေါင်းဘူး။ သူက ယောကျ်ားလေးလို ဝတ်ပြီး နှာမည်နဲ့ မလိုက်အောင် မသန့်မပြန့်နဲ့ဆိုပြီး မပေါင်းကြတာ။ မျက်မှန်လည်း တပ်သေး တယ်။ မိန်းကလေးတွေထဲမှာ စာအညံ့ဆုံးပဲ။ ဖြူသန့်နွယ် အပြင်ကို ထွက်မလို့ ဟာကို ခြူးဆက်ဝေက ကာထားပြီး ငါ့ကို မုန့်ကျွေးမှ ထွက်ရမယ် ဘာညာနဲ့ လိုက်လုပ်နေတယ်။ ဖြူသန့်နွယ်လည်း နေရာမှာ ပြန်ထိုင်လိုက်တယ်။ အဲဒါကို ခြူးဆက်ဝေနဲ့ ငြိမ်းငြိမ်းသူတို့ ထိုင်ဟားကြတယ်လေ။ သူတို့ အဲဒီလို အနိုင်ကျင့် နေကြတဲ့ ဖြူသန့်နွယ်ကို ကျွန်မကပါ အနိုင်ကျင့်ခံရ ကောင်းလားလို့ အမြင် ကတ်နေမိတယ်။ သိပ်အားနည်းတဲ့ သူပဲလို့။

တစ်နေ့တော့ အတန်းပိုင်ဆရာမက ကျွန်မတို့ကို ထိုင်တဲ့ပုံစံ ပြောင်း စေတယ်။ စာတော်တဲ့သူနဲ့ စာမရတဲ့သူကို အတူတူ ထိုင်ရမယ်တဲ့။ ကျွန်မတို့က တစ်ခုံနှစ်ယောက် ထိုင်တာလေ။ ကျွန်မက ဖြူသန့်နွယ်နဲ့ ထိုင်ရပါလေရော။ မှန်တာပြောရင် ကျွန်မ မထိုင်ချင်ဘူး။ အခုတော့ ခြူးဆက်ဝေက ပြုံးစိစိနဲ့ ငါ သားကောင်နှစ်ကောင်လုံး အနိုင်ကျင့်လို့ရပြီ ဆိုပြီး ကြည့်နေတယ်။ ခြူးဆက်ဝေ က အဲဒီလိုလုပ်လေ၊ ကျွန်မဘေးက ဖြူသန့်နွယ်ကို မုန်းလေပဲ။ သူ့ကြောင့် ဆိုပြီး လေ။ ဒါပေမဲ့ ခြူးဆက်ဝေက သူသင်္ချာတို့ ဘာတို့ တွက်တာ မရရင် ကျွန်မဆီက လာကူးတာ။ ကျွန်မကလည်း သူ့ကို လိုလိုလားလား ပြတာပဲ။ သူ့ဆီက မျက်နှာ ရရင် ပြီးရော။ ဒါပေမဲ့ ကျွန်မ ဖြူသန့်နွယ်ကို လုံးဝမပြဘူး။ တကယ်ဆို ဆရာမ က မသိတာတွေ မေးရအောင်လို့ သူ့ကို ကျွန်မဘေးမှာ ထားတာ ကျွန်မ သိသား ပဲ။

mgyoe.com

တစ်နေ့တော့ ကျွန်မရဲ့ ကော်ရက်ရှင်ပင် ပျောက်သွားပါရော။ အဲဒီနေ့က တစ်ခန်းလုံး တံမြက်စည်းလှည်းတဲ့ နေ့။ ကျောင်းဆင်းချိန် ဆိုတော့ စာအုပ်တွေလည်း အကုန်သိမ်းပြီးပြီ။ ကျွန်မက ကော်ရက်ရှင်ပင် လိုက်ရှာနေတယ်။ ခဏကြာတော့ ဖြူသန့်နွယ်က ကျွန်မ ကော်ရက်ရှင်ပင်ကို ကိုင်ပြီး လာပေးတယ်။ "ကြည်ပြာ၊ ဒါ နင့်ဟာလား" တဲ့။ ကျွန်မက ဒေါသတကြီးနဲ့ ဆွဲယူလိုက်ပြီး "နင် ငါ့ဟာ ဘာလို့ ယူထားတာလဲ" လို့ အော်ပြောလိုက်တယ်။ ဖြူသန့်နွယ်မျက်နှာဟာ ပြုံတော့မယ့်မိုးလို မှောင်ကျသွားပြီး–

"ငါ မယူရပါဘူးဟာ၊ ဟိုထောင့်မှာ တွေ့လို့ ကောက်လာတာ၊ ဘုရားစူးပါ"

ဒါပေမဲ့ ကျွန်မ ရပ်လို့ မရဘူး။ ကျွန်မ ဆက်ပြောတယ်။

"အေးပေါ့၊ ဘယ်သူကရော ငါခိုးတာပါလို့ ပြောမလဲ"

လို့ ပြောလိုက်မိတယ်။ တစ်တန်းလုံးက ဖြူသန့်နွယ်ကို ဝိုင်းကြည့်ကြတယ်။ ကျွန်မ မျက်လုံးထောင့်က ခြူးဆက်ဝေကို လှမ်းကြည့်တော့ သူက ကျေနပ်ပုံနဲ့ ပြုံးနေတယ်။ ကျွန်မလည်း ကျေနပ်သွားတယ်။ သူပြုံးနေရင် ကျွန်မအတွက် လုံခြုံတယ်လေ။

ကျောင်းဆင်းလို့ မကြီး လာကြိုတော့ ကျွန်မစိတ်ထဲ လေးနေတယ်။ မကြီးကလည်း ထူးထူးဆန်းဆန်း တိတ်နေတယ်။ အိမ်ရောက်တော့ သူက ကျွန်မကို ပြောတယ်။

"အဲဒီ ခြူးဆက်ဝေရဲ့ အဖေက သဘော်သားတဲ့၊ သူ့မှာ အစ်မနှစ်ယောက်ရှိတယ်၊ မောင်တစ်ယောက်ရောပဲ။ အစ်မနှစ်ယောက်က စာ အရမ်းတော်တာတဲ့၊ ဒါနဲ့ ခြူးဆက်ဝေက စာတော်လား"

"ဟင့်အင်း၊ အလယ်အလတ်ပဲ"

"သူ့အစ်မနှစ်ယောက်မှာ တစ်ယောက်က ဆေးကျောင်းတက်နေပြီး တစ်ယောက်က စကောလားရှစ်ရလို့ နိုင်ငံခြားသွားတော့မှာတဲ့။ သူ့မိဘကလည်း အစ်မနှစ်ယောက်ကို အရမ်းဂုဏ်ယူတာပဲ။ ဆိုလိုတာက သိပ်တော်တဲ့ အစ်မနှစ်ယောက်နဲ့စာရင် သူက သိပ်မတော်တော့ မိဘတွေရဲ့ မျက်နှာပေးတာ သိပ်မခံရပုံပဲ။ အငယ်ဆုံးက ယောကျ်ားလေးဆိုတော့ ပိုဆိုးတာပေါ့။ ဒါပေမဲ့ သူ့မိသားစုမှာ အရာပေးမခံရတာနဲ့ သူများကို အနိုင်ကျင့်တယ်ဆိုတာ သူ့ရွေးချယ်မှု။ အဲဒီရွေးချယ်မှုက မှားတယ်။ အဲဒီတော့ ကြည်ပြာ... နင် သူ့ဘက်က မြင်နိုင်အောင်တော့ ကြိုးစား၊ ဒါပေမဲ့ သူ့ကို အလျှော့မပေးပါနဲ့။ သူတစ်ပါး

mgyoe.com SAMPLE BOOK

အားနည်းချက်ကိုလည်း အခွင့်အရေး မယူပါနဲ့၊ ကိုယ့်ဟာကိုယ်နေ။ နင့်မှာက ငါ့လို ချစ်ဖို့ကောင်းတဲ့ အစ်မလည်း ရှိတယ်၊ အဖေနဲ့ အမေလည်း နင့်ကို ချစ်တယ်၊ ကိုယ်က အပေါ်ကချည်းပဲ။ သူ့ထက် အများကြီးသာတယ် ဆိုတာကို ခေါင်းထဲ ထည့်ထား"

ကျွန်မစကားတွေ ကျွန်မရင်ထဲ ရောက်ပေမယ့် "နင့်မှာ ငါ့လိုချစ်ဖို့ကောင်းတဲ့ အစ်မလည်း ရှိတယ်" ဆိုတာကိုတော့ ဘယ်လိုမှ ခံစားလို့ မရ။ ဒါကို သိလို့ သူက မျက်နှာတည်နဲ့ စကားပြောနေရာမှ တခွိခွိရယ်တယ်။ ကျွန်မလည်း စိတ်ပေါ့သွားပြီး သူ့ကို လိုက်ထုနေတော့တာပဲ။ အဲဒီညက အိပ်မက်ထဲမှာ ဖြူသနပ်နွယ်က ကျွန်မကို အသနားခံတယ်။ သူ့ကို ချည်ထားတဲ့ ကြိုးကို ဖြေပေးပါတဲ့။ ကျွန်မက နင့်ကို ငါ ဘာကြိုးချည်ထားလို့လဲ မေးတော့ သူက ဒီကြိုးဆိုပြီး သူ့လက်ကို အပြမှာသူ့လက်ကြိုးက ပြတ်ကျလာရော။ ကျွန်မ ကြောက်လိုက်တာ ဆို မပြောနဲ့။ ကျွန်မ ဖြူသနပ်နွယ်ကို စွပ်စွဲတာတွေအတွက် တစ်ခုခု လုပ်ရမယ် မှန်းတော့ သိတယ်။ ဒါပေမဲ့ ကျွန်မ မလုပ်တတ်ဘူး။

နောက်နေ့ ကျောင်းသွားတော့ ကျွန်မနေရာဘေးမှာ ခေါင်းငိုက်စိုက် ချပြီး ထိုင်နေတဲ့ ဖြူသနပ်နွယ်ကို တွေ့လိုက်ရတယ်။ သူ ကျွန်မကို မကြည့်ဘူး။ ကျွန်မ မကြီးပြောတာကို  သတိရသွားတယ်။ "ကိုယ် အရာပေးမခံရတာနဲ့ပဲ သူများကို အနိုင်ကျင့်တာ ကိုယ့်ရွေးချယ်မှု" တဲ့။ ကြည့်စမ်း။ ကျွန်မရွေးချယ်မှုက မှားနေတာပဲ။ ကျွန်မ အဲဒီနေ့က သူ့ကို သနားပြတယ်။ သူက မရဲတရဲနဲ့ ကြည့်တယ်။ ကျွန်မက သူ့အပေါ်မှာ လိုလိုလားလား ဆက်ဆံနေတော့ သူလည်း ပျော်နေပုံပါပဲ။ သူက သီချင်းတောင် ညည်းနေတယ်။ "မာလာဆောင်နဲ့ ပတ်သက်လို့ ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ်" တဲ့။ ကျွန်မ နားရွက်ထောင်သွားတယ်။ အဲဒီ သီချင်းကို ကျွန်မ ကြားဖူးတယ်။ ဒါပေမဲ့ တစ်ခါမှ နားမထောင်ဖူးဘူး။ ကျွန်မ အရမ်းနားထောင်ချင်တဲ့ သီချင်းပေါ့။ အဲဒါနဲ့ ကျွန်မ သူ့ကို မေးတယ်။

"ဖြူသနပ်နွယ် နင်အဲဒီ သီချင်းရလား"

"ငါ့အမေ ဆိုနေကျမို့ နည်းနည်းတော့ ရတယ်"

"ငါက အစအဆုံး နားထောင်ချင်လို့"

"ငါ့အမေတော့ ရတယ်၊ ငါတော့ စာသားအားလုံး မရဘူးဟ"

"ငါ့ကို ဆိုနည်းပါ သင်ပေး"

"ငါ မနက်ဖြန် အမေ့ဆီက မေးလာမယ်"

mgyoe.com

mgyoe.com

ကျွန်မတို့နှစ်ယောက် ဒီလိုနဲ့ အဆင်ပြေသွားတယ်။ ဖြူသန့်နွယ်က အသွင်အပြင် မသန့်ပေမယ့် စိတ်ထားက နာမည်နဲ့လိုက်အောင် သန့်တာကို ကျွန်မ နားလည်လာတယ်။ ကျွန်မရဲ့ အမှားကို ကျွန်မ သိသွားပေမယ့် ကျွန်မတို့ အဲဒီ အကြောင်း ထပ်မပြောဖြစ်ကြဘူး။ နှစ်ယောက်လုံးကို နာကျင်စေမယ့် အရာကို ဘာလို့ တူးဆွနေဦးမလဲပေါ့။ နောက်နေ့ကျတော့ 'အဆောင်မှာ ခြောက်တဲ့ သရဲ' ကို ကျွန်မတို့နှစ်ယောက် အော်ဆိုနေကြတယ်။

ကျွန်မတို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုဟာ ကြာရှည်မခံပါဘူး။ မုန့်စား ကျောင်းဆင်းတော့ ဖြူသန့်နွယ် ပြန်မရောက်သေးတာနဲ့ ကျွန်မက ဘယ်ရောက် နေတာလဲလို့ လိုက်ရှာတော့ ချောင်တစ်ချောင်မှာ ကုပ်ပြီး ငိုနေတဲ့သူ့ကို ကျွန်မ တွေ့တယ်။ ကျွန်မက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး သူ့ကို ဘာဖြစ်လို့လဲဟင် လို့ တိုးတိုးလေး မေးမိတယ်။ သူက ကျွန်မကို မကြည့်ဘဲ ပြန်ဖြေတယ်။

"နင် တကယ် ငါ ခိုးတယ် ထင်လို့လား" တဲ့။

ကျွန်မ အဲဒီတဒင်္ဂမှာ ဘယ်လို ခံစားလိုက်ရလဲ ဆိုတော့ ကမ္ဘာပေါ်မှာ ရှိတဲ့ ပျော်ရွှင်မှုလို့ ကျွန်မထင်ခဲ့တဲ့ အရာတွေ အားလုံးဟာ ဘယ်တုန်းကမှ မတည် ရှိခဲ့ဖူးသလိုမျိုး၊ ဇာတ်ကားတစ်ကားထဲမှာ ကြည့်ဖူးသလို ရထား လာနေတုန်း သံလမ်းပေါ်မှာ ခြေထောက်တစ်ဖက် ညှပ်နေလို့ ဆွဲနုတ်မရသလိုမျိုး ကျွန်မ လည်ချောင်းထဲမှာ အစိုင်အခဲ တစ်ပြီး ဆို့နေတယ်။ တကယ်တော့ ဒါဟာ ကျွန်မဆီ ပြန်လာမှာ ကျွန်မ သိနေတယ်။ ကျွန်မ သက်တမ်းတစ်လျှောက်မှာ ကိုယ့်ကိုယ် ကိုယ် ဂုဏ်မယူဆုံး အရာပဲလေ။ ဒီလိုအချိန်မျိုးမှာ မကြီးကို ရှိနေစေချင်လိုက် တာ။ သူဆိုရင် ဘယ်လိုဖြေရမလဲ သိမှာပဲ။ ကျွန်မက မငိုရုံတစ်မည် စိတ်ကို ချုပ် တည်းပြီး ဖြူသန့်နွယ်ကို ပြောလိုက်တယ်။

"ဟင့်အင်း၊ ငါ မှားသွားပါတယ်ဟာ"

ဒါပေမဲ့ သူက ဆက်ငိုပြီးပြောတယ်။

"ခုနက ခြူးဆက်ဝေက ငါ့ကို လာပြောသွားတယ်၊ ငါက သူခိုးတဲ့။ အဲဒါကြောင့် နင်နဲ့ ခင်ချင်ယောင်ဆောင်မနေနဲ့တဲ့"

ကျွန်မခေါင်းကို တူနဲ့ရိုက်သလို ခံစားလိုက်ရတယ်။ ကျွန်မရဲ့ မဆင် မခြင် လုပ်ရပ်၊ စကားတစ်ခွန်းက လူတစ်ယောက်ကို ဒီလောက် ထိခိုက်စေမယ် မှန်း ကျွန်မမှ မသိခဲ့ဘဲ။ ရုတ်တရက် ကျွန်မဒေါသတွေ ခြူးဆက်ဝေဆီမှာ စုပြုံ သွားတယ်။ အဆိပ်ရှိတဲ့ မြွေမပဲ။ ကျွန်မ အတန်းထဲ ပြန်ဝင်မလို့ လုပ်တော့ လှေကား

mgyoe.com

mgyoe.com

ထိပ်မှာ တွတ်ထိုးပြီး ရယ်နေကြတဲ့ ခြူးဆက်ဝေနဲ့ ငြိမ်းသူကို တွေ့တယ်လေ။ ခြူးဆက်ဝေက ကျွန်မကို ကြည့်ပြီး–

"ဟဲ့... နင်က သူငယ်ချင်း အသစ်ရတော့ ငါတို့ကို မခေါ်တော့တာလား"

လို့ ခပ်ငေါ့ငေါ့မေးတယ်။ ကျွန်မက ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်တယ်။

"အေး... ဟုတ်တယ်၊ နင်တို့ကို အစကတည်းက ခေါ်ချင်စိတ်ကို မရှိတာ"

ကျွန်မ မသိလိုက်ခင်မှာပဲ ကျွန်မပါးစပ်က စကားလုံးတွေ ခုန်ထွက်သွားတယ်။ ထွက်လာတဲ့ စကားကြောင့် ကျွန်မရော သူတို့နှစ်ယောက်ပါ အံ့သြနေတယ်။ ခြူးဆက်ဝေက ကျွန်မနားကို ရှေ့တိုးလာပြီး–

"ဟဲ့...နင်က နင့်အစ်မ အားကိုးနဲ့ ငါ့ကို လာပြီး ဖြခြောက်နေတာလား။ နင်က တကယ်က ငချွတ်လေးပဲဟာကို၊ နင့်အစ်မကိုလည်း ငါမကြောက်ဘူး၊ အလကား ကပ်ဖားကောင်"

တကယ်လို့ ဒီနေရာမှာ သူ ကပ်ဖားကောင်လို့ ပြောခဲ့တဲ့သူဟာ ကျွန်မ ဖြစ်နေခဲ့ရင် အခြေအနေတွေ တစ်မျိုးပြောင်းသွားခဲ့မယ်။ အခု သူက မကြီးကို ကပ်ဖားကောင်လို့ ခေါ်လိုက်တာ။ အဲဒါ သူ့ဘဝရဲ့ အကြီးမားဆုံး အမှားပဲဆိုတာ သူ အမြဲတမ်း သတိရစေရမယ်။ ကျွန်မအစ်မကို ကျွန်မကလွဲလို့ ဘယ်သူမှ နာမည်ဆိုးတွေ ခေါ်လို့မရဘူး ဆိုတာ ကျွန်မ မာနက ပြမှရတော့မယ်။ ကျွန်မ သူ့ပခုံးနှစ်ဖက်ကို လှမ်းဆွဲပြီး သူ့ကို လှုပ်ခါရင်း ပြောလိုက်တယ်။

"အနည်းဆုံးတော့ ငါ့မှာ အားကိုးလို့ရတဲ့ အစ်မ ရှိတယ်၊ နင့်လို မောင်နှမ လေးယောက် ရှိနေတာတောင် တစ်ယောက်ကမှ အလေးမလုပ်တဲ့သူ မဟုတ်ဘူး၊ အဲဒါ နင်မှတ်ထား"

ခြူးဆက်ဝေရဲ့ မျက်နှာဟာ ချက်ချင်း မည်းတူးသွားတယ်။ သူများ အားနည်းချက်ကို အသုံးမချရဘူး ဆိုတဲ့ မကြီးရဲ့ အဆုံးအမတွေကိုလည်း အဲဒီ အချိန် ကျွန်မစိတ်ထဲမှာ ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားပြီ။ ကျွန်မ သူ့ကို ထပ်ကာ ထပ်ကာ လှုပ်ခါနေမိတယ်။ ပါးစပ်ကလည်း–

"နင် သတ္တိရှိရင် ငါ့ကို ပြန်တွန်းလေ၊ နင်တွန်းနေကျပဲ မဟုတ်လား၊ လာတွန်း... လာ၊ ပြန်တွန်းစမ်းပါ"

လို့ အော်နေမိတာ ကျွန်မ မသိခဲ့ဘူး။ အတန်းပိုင်ဆရာမ လာပြီး ခွဲတော့မှ ပြီးတယ်။ ကျွန်မ အံ့သြတကြီး မြင်လိုက်ရတာ ခြူးဆက်ဝေက ငိုနေတယ်။ ဆရာမက သူ့ကို ချော့နေတယ်။ တစ်တန်းလုံးက ကျွန်မကို ဝိုင်းကြည့်နေ

mgyoe.com

mgyoe.com SAMPLE BOOK

ကြတယ်။ အို... ဒါ ကျွန်မ ဖြူသန့်ကို ကော်ရက်ရှင်ပင် ခိုးပါတယ်လို့ စွပ်စွဲခဲ့တုန်းက သူ ခံစားခဲ့ရတဲ့ ခံစားမှုမျိုးနေမှာပဲ။ မတရားမှု၊ အံ့သြမှု၊ ထိတ်လန့်မှု၊ ရှက်ရွံ့မှု၊ သိမ်ငယ်မှု။ ကျွန်မမျက်လုံးတွေက ဒါ သူတို့ ထင်သလို မဟုတ်ပါဘူးလို့ ရှင်းပြချင်ပေမယ့် ကျွန်မ ဘယ်လို ရှင်းပြရမှာလဲ။ အားလုံးက ကျွန်မကိုပဲ အနိုင်ကျင့်တဲ့လူလို့ ထင်ကြတော့မှာ။ ဒါပေမဲ့ ကျွန်မ မငိုဘူး။ ကျွန်မ လူကြားသူကြားထဲမှာ ငိုရမှာ အရမ်းရှက်တယ်။ မငိုဘူးလို့ တင်းထားတော့ ကျွန်မမျက်နှာက မာထန်နေမှာပဲ။ ကြည့်နေတဲ့ အတန်းဖော်တွေဆီမှာ အကြောက်တရားတွေ ကျွန်မတွေ့နေရတယ်။ သူတို့ ကျွန်မကို ခြူးဆက်ဝေလက်သစ်လို့ ထင်သွားကြပြီလား။ ဆရာမက ကျွန်မဘက်ကို လှည့်ပြီး"ကြည်ပြာ၊ ကျောင်းဆင်းရင် ဆရာမကြီးရုံးခန်းကို သွားမယ်" တဲ့။ အဲဒီအချိန်မှာ ကျွန်မပခုံးကို နောက်က လက်တစ်ဖက်က ဖွဖွလေး လာသပ်တယ်။ ကျွန်မ ကြည့်လိုက်တော့ ဖြူသန့် ဖြစ်နေတယ်။ ပထမဆုံးအကြိမ်အနေနဲ့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သူ့ထက် အဆပေါင်းများစွာ နိမ့်ကျတယ်လို့ ခံစားရပြီး သူ့မျက်နှာကို မကြည့်ရဲဘူး။

ကျောင်းဆင်းတော့ ကျွန်မ ဆရာမကြီး ရုံးခန်းကို သွားရတယ်။ ကျွန်မ အရမ်းအားငယ်တယ်။ ကမ္ဘာကြီးတစ်ခုလုံး ကိုယ့်ရှေ့မှာ ပြိုကျပြီး ရပ်စရာမြေမရှိတော့သလိုပဲ။ အဲဒီအချိန်မှာ မြေသားထုတစ်ခု ပေါ်လာတယ်။ မကြီးရယ်လေ။ သူ ကျွန်မ ချက်ချင်း ထွက်မလာလို့ ကျောင်းခြံဝင်းထဲ ဝင်လာတယ်။ ပြီးတော့ ကျွန်မဆရာမဆီက အဖြစ်အပျက်ကို ကြားတော့ သူ ရုံးခန်းကို လိုက်လာတယ်။ ဆရာမကြီးက သူ့ကို မြင်တော့ "ခေမာ၊ သမီးရောက်လာတာနဲ့ အတော်ပဲ၊ သမီးညီမကို ထိန်းပါဦး" တဲ့။ ပြီးတော့ ဆရာမကြီးက ဘာလို့ အဲဒီလို လုပ်ရတာလဲလို့ ကျွန်မကို မေးတယ်။ ကျွန်မက ခြူးဆက်ဝေ လုပ်ပုံတွေကို ပြန်ပြောပြတယ်၊ ဒါပေမဲ့ ကျွန်မစိတ်ခံစားမှု လွန်ကဲနေလို့လား မသိဘူး။ လိပ်ပတ်လည်အောင် မရှင်းပြတတ်ဘူး ဖြစ်နေတယ်။ မကြီးက ဘာမှဝင်မပြောဘူး။ ဆရာမကြီးက မကြီးဘက်ကို လှည့်ပြီး ဒီကိစ္စကို သိလားလို့ မေးတယ်။ မကြီးက ခေါင်းညိတ်တယ်။ ဆရာမကြီးက မကြီးကို စိုက်ကြည့်နေရင်း ပြောတယ်။

"ကလေးတွေဆိုတော့ အထူးသဖြင့် ဆယ်ကျော်သက် မြီးကောင်ပေါက်အရွယ်ဆိုတော့ ထိရှလွယ်တယ်၊ အဲဒါကို တစ်ယောက်ချင်းစီ လိုက်ကာကွယ်နေဖို့လည်း ဆရာမကြီးတို့က မတတ်နိုင်ဘူးလေ။ ဆုပေး ဒဏ်ပေးတာထက် အသိပညာလေး ဝင်နေအောင် လုပ်ဖို့က အရေးကြီးတယ်"

mgyoe.com

ပြီးတော့ သူ ကျွန်မဘက်ကို လှည့်လာပြီး ပြောတယ်။

"သမီး ကြည်ပြာ၊ ဆရာမကြီး မင်းမိဘတွေကို မခေါ်တော့ဘူး သိလား၊ ခေမာ့ရှေ့မှာပဲ ပြောလိုက်မယ်နော်။ သမီးက အရင်ကလည်း ဆိုးတဲ့သူ မဟုတ်ဘူး၊ အခုလည်း ခဏ စိတ်လွတ်သွားတာလို့ပဲ ဆရာမကြီး ယူဆမယ်။ နောက်တစ်ခါ ထပ်မလုပ်တော့ဘူး မဟုတ်လား"

ကျွန်မက ခေါင်းငုံ့ပြီး ဟုတ်ကဲ့လို့ တိုးတိုးလေးပြောတယ်။

ကျောင်းက ပြန်လာတော့ မကြီးက တိတ်ဆိတ်နေပြန်ရော။ ဒါပေမဲ့ ဒီတစ်ခါ တိတ်ဆိတ်တာက အန္တရာယ် ရှိတယ်လို့ ကျွန်မ ခံစားမိနေတယ်။ ရုပ်ရှင်ဇာတ်ကားတွေမှာ သရဲထွက်မလာခင် တိတ်ဆိတ်မှုမျိုး၊ ပင်လယ်ဟာ မုန်တိုင်းမထန်ခင် တိတ်ဆိတ်မှုမျိုး။ ကျွန်မ စဉ်းစားလို့ မရဘူး။ သူက ကျွန်မ ခြူးဆက်ဝေကို ပြန်အနိုင်ကျင့်လို့ (အနိုင်ကျင့်တာတောင် မဟုတ်ပါဘူး) စိတ်ဆိုးနေတာလား။ သူက သူများ အားနည်းချက်ကို အခွင့်ကောင်းမယူနဲ့လို့ ပြောထားရက်နဲ့ ကျွန်မ ခြူးဆက်ဝေရဲ့ အားနည်းချက်ကို ထုတ်ပြောလိုက်လို့လား။ ကျွန်မမှာ သို့လောသို့လောနဲ့ အိမ်ကို ရောက်လာတယ်။ ဖေဖေနဲ့ မေမေကို ကျွန်မ ရုံးခန်းရောက်တာ သူမတိုင်ပါစေနဲ့လို့လည်း ဆုတောင်းနေမိတယ်။

ကျွန်မက လူဆိုး မဟုတ်ပါဘူး။ ကျွန်မ ဖြူသန့်နဲ့ ကိစ္စမှာ မှားပေမယ့် ခြူးဆက်ဝေနဲ့ ကိစ္စမှာ မမှားဘူးဆိုတဲ့ မာနလေးကလည်း ခံနေသေးတယ်။ ဒါပေမဲ့ မကြီးက ဘာလို့ ဒေါသထွက်နေတာလဲ ဆိုတာတော့ ရင်တထိတ်ထိတ်နဲ့ သိချင်နေမိတယ်။

သူ အဲဒီတစ်ညနေလုံး ကျွန်မကို စကားမပြောဘူး။ သေချာတယ်။ သူ တစ်ခုခုကို စိတ်ခုနေတာ။ ဖေဖေနဲ့ မေမေက ရပ်ကွက်ထဲ ဓမ္မာရုံမှာ တရား သွားနာနေလို့ ပြန်မရောက်ကြသေးဘူး။ အိပ်ရာဝင်ခါနီးတော့ ကျွန်မ ဘယ်လိုမှ မနေနိုင်တော့ဘဲ သူ့ကို သွားရောတယ်။

"ငါ့ရဲ့ အံသွား နာနေသလိုပဲ"

သူက ကျွန်မကို တစ်ချက် လှမ်းကြည့်တယ်။ ပြီးတော့ –

"အဲဒီတော့ ဘာဖြစ်လဲ၊ နင်က အံသွားပဲ နာတာ"

တဲ့။ သူ့အသံက မာဆတ်ဆတ်နဲ့။ ဒါနဲ့ ကျွန်မ မခံစားနိုင်တော့ဘူး။

"ဟဲ့... နင်က ဘာဖြစ်နေတာလဲ၊ ငါဘာလုပ်လို့လဲ၊ နင်ပဲ ခြူးဆက်ဝေကို ကိုယ့်ဟာကိုယ် ပြန်ခုခံရမယ်ဆို"

mgyoe.com

mgyoe.com SAMPLE BOOK


သူ ဖတ်လက်စ စာအုပ်ကို ပစ်ချလိုက်တယ်။ ပြီးတော့ ကျွန်မဘက်ကို လှည့်ပြီး ပြောတယ်။

"ငါက ခြူးဆက်ဝေကိစ္စကို အဲဒီလောက် စိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားတာက အဲဒီကိစ္စက နင့်ကို အသိဉာဏ်မဲ့သူတစ်ယောက်၊ မကောင်းဆိုးဝါးတစ်ကောင်လို ပြောင်းလဲပစ်တာကိုပဲ စိတ်ကုန်တယ်"

"အောင်မာ... ငါ သူ့ကို ဘာမှတောင် မလုပ်ရသေးဘဲ သူ့ဘာသာသူ ငိုနေတာကို၊ နင် ဘာသိလို့လဲ"

"ငါ ခြူးဆက်ဝေအကြောင်းကို ပြောနေတာ မဟုတ်ဘူး၊ ဖြူသန့်နွယ် အကြောင်းကို ပြောနေတာ"

ကျွန်မ အံ့ဩသွားတယ်။ သူက အဲဒါကို ဘယ်လိုများ သိသွားလဲ။

"ဒီမှာ ကြည်ပြာ၊ နင်လုပ်လိုက်တဲ့ လုပ်ရပ်တစ်ခုကြောင့် အခြားတစ်ယောက် ဘယ်လောက် ထိခိုက်သွားလဲ သိလား။ အဲဒီ ဖြူသန့်နွယ်ဆိုတဲ့ ကောင်မလေးက ငါသိသလောက် ဘယ်သူ့ကိုမှ ဘာအနှောင့်အယှက်မှ မပေးတဲ့သူပါ။ သူ့အမေကို ငါ သိတယ်။ ငါနဲ့ လာကြိုတိုင်း တွေ့တာကိုး။ ဒီနေ့ သူ့အမေက မခံနိုင်လို့ ငါ့ကို ရင်ဖွင့်ပုံပဲ။ သူတို့အတန်းထဲက ကောင်မလေးတစ်ယောက်က သူ့သမီးကို သူခိုးဆိုပြီး စွပ်စွဲတယ်တဲ့၊ အဲဒါ ဖြူသန့်နွယ်က ဝမ်းနည်းပြီး ထမင်းတောင် မစားဘဲ ငိုနေတယ်တဲ့။ ငါက ဘယ်အတန်းကလဲလို့ မေးတော့ ခြောက်တန်းတဲ့၊ အဲဒီတော့ ငါထင်လိုက်တာ ခြူးဆက်ဝေ နေမှာပေါ့လို့။ သူ့အမေက ဆက်ပြောတာက ကောင်မလေးနာမည်က ကြည်ပြာဆိုလား ဘာဆိုလားတဲ့။ ငါ ကြက်သေ သေသွားတယ်။ ငါ့ခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပဲ။ ငါ့ညီမဟာ အဲဒီလို လူစား မဟုတ်မှန်း ငါ သိထားလို့လေ။ အခု ငါ သူ့သမီးကို အဲဒီလို စွပ်စွဲတဲ့သူဟာ ငါ့ညီမ ပါလို့ ဘယ်လိုစိတ်နဲ့ ပြောရမှာလဲဟင်။ အမှန်အတိုင်းပြောရရင် ကျောင်းဆင်းတော့ နင် ထွက်မလာပါစေနဲ့လို့ ငါဆုတောင်းနေတာ။ တကယ်လည်း မထွက်လာရော ငါခေါင်းနားပန်း ထပ်ကြီးသွားပြန်ရော။ ငါ့ကို ပြောစမ်းပါ၊ ငါ့ညီမဟာ ဒီလိုလူစားလားဟင်... ဟုတ်လား"

ကျွန်မ တစ်နေ့လုံး ထိန်းထားခဲ့တဲ့ မျက်ရည်တွေ ထိန်းမနိုင် သိမ်းမရ လျှံကျလာတယ်။ ကျွန်မ အော်နေတယ်။ ပြီးတော့ ကျွန်မ တွေ့ကရာ ပစ္စည်းတွေနဲ့ မကြီးကို ပေါက်ပြီး အော်တယ်။

"တော်တော့၊ တော်တော့လို့ ငါပြောနေတယ်။ ငါ့ကိုပဲ ဒဏ်ခတ်လို့

mgyoe.com

mgyoe.com
SAMPLE BOOK


မပြီးကြတော့ဘူးလား၊ ငါတစ်ယောက်တည်းပဲ အားလုံး မှားနေတာလား၊ ဘာလို့ လူတိုင်းက ငါ့ကိုပဲ လက်ညှိုးထိုးနေကြတာလဲ၊ ငါ အားလုံးကို မုန်းတယ်"

ကျွန်မ ဆက်တိုက် အော်နေမိတယ်။ မကြီးက ကျွန်မကို လက်ပိုက်ပြီး ကြည့်နေတယ်။ ကျွန်မ ငိုတာ နည်းနည်းတိတ်တော့ ဆက်ပြောတယ်။

"နင်နားမလည်ဘဲနဲ့ ငါ့ကိုဆရာ လာမလုပ်နဲ့။ ငါဖြူသန့်နွယ်ကိုတောင်းပန်ပြီးပြီ၊ သူနဲ့လည်း ခင်နေပြီ၊ သူ့ကို ငါ ထပ်မုန်းအောင် မလုပ်ပါနဲ့တော့။ နင်သာ ငါ့နေရာမှာ ဆိုရင်လည်း အဲဒီလို နေမှာပဲဟာကို"

"ဟင့်အင်း... ငါ ဘယ်လိုမှ အဲဒီလို မနေဘူး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ နင်က သူတော်ကောင်းကြီး၊ ပွဲဝင်ဆံ့သူကြီး၊ နင်နဲ့ မသိတဲ့သူ မရှိဘူး၊ နင် မတတ်တာ မရှိဘူး၊ နင် အားလုံး လုပ်တတ်တယ်၊ နင်တော်တယ်၊ ကျေနပ်ပြီလား"

"ဒါ ငါ့အကြောင်း ပြောနေတာမှ မဟုတ်တာ"

ကျွန်မ ရုတ်တရက် ငိုရင်းနဲ့ ဆို့နေလို့ ဘာမှ ပြန်မပြောလိုက်ရဘူး။

"ကြည့်ပြာ၊ နင် နာကျင်နေတာကိုပဲ မြင်နေလို့ မရဘူးလေ။ နင်လောင်တယ်ဆိုပြီး နင့်ကိုလောင်နေတဲ့ မီးကို အခြားတစ်ယောက်ဆီ ပစ်ပေးလိုက်တော့ နင့်နာကျင်တာတွေ သက်သာသွားလို့လား။ သက်သာသွားတယ်ဆိုရင် နင်ဟာ တော်တော် အစွန်းရောက်နေပြီ။ နင်ကြောက်တာနဲ့ နင့်တစ်ကိုယ်စာ လုံခြုံမှုအတွက်ပဲ ကြည့်ပြီး တုံ့ပြန်တော့ အားလုံး ငါးပါးမှောက်ကုန်တာပေါ့"

ကျွန်မ သူပြောနေတာကို နားလည်တစ်ချက်၊ မလည်တစ်ချက်ပါပဲ။ သေချာတာကတော့ သူကျွန်မကို မချစ်တော့ဘူးလို့ပဲ မှတ်လိုက်တယ်။ နေပေါ့။ ကျွန်မကကော သူ့ကို ချစ်နေတာကျတာပဲ။ ကြည့်လို့လည်း မရဘူး။ ဆရာမကြီး စတိုင်နဲ့။ အားလုံးကို မုန်းတယ်။ ကျွန်မ အဲဒီလို တွေးနေတုန်းမှာပဲ ကျွန်မရဲ့ အဲဒီပါးစပ်က စကားတစ်ခွန်း ထွက်ဖြစ်အောင် ထွက်လိုက်သေးတယ်။

"ငါ ခြူးဆက်ဝေနဲ့ ရန်ဖြစ်တာ နင့်ကြောင့်"

မကြီး မျက်လုံးတွေ ဝိုင်းသွားတယ်။

"ဘယ်လို..."

"ဟုတ်တယ်၊ သူက နင့်ကို ကပ်ဖားမ တဲ့၊ အဲဒီလို ခေါ်တယ်၊ အဲဒါကြောင့် ငါသူ့ကို အဲဒီလို ပြန်ပြောလိုက်တာ"

ကျွန်မ ပြောပြီး အိပ်ရာပေါ်မှာ မျက်နှာကို မှောက်ထားလိုက်တယ်။

mgyoe.com

mgyoe.com


ဒီနေ့အတွက် ရန်ဖြစ်ရတာ မောနေပြီ။ ကျွန်မ ပင်ပန်းနေပြီ။ မကြီးက တိတ်နေတယ်။ ခဏကြာတော့ တစ်နေ့လုံး ကျွန်မစိတ်ထဲမှာ ခုနေတဲ့ဟာတစ်ခုကို စဉ်းစားမိတယ်။

"ဒါနဲ့ ခြူးဆက်ဝေက ဘာလို့ ငိုတာလဲ၊ ငါ ငိုဖို့လည်း ထားပါဦး"

"သူက ငိုချင်နေတာကို မျက်ရည်နဲ့ မဖြေရှင်းဘဲ ဒေါသတွေ၊ သူများကို ညှဉ်းပန်းမှုတွေနဲ့ ဖြေရှင်းနေလို့ပေါ့။ အခု နင်ပြောလိုက်တာက ချက်ကောင်းထိတော့ ဟန်ဆောင်တာတွေ ကွာကျပြီး ငိုတာ နေမှာပေါ့"

ဘာလဲ၊ မျက်ရည်တွေရော၊ ဒေါသတွေရော။ သူ 'ဆိုဖီရဲ့ ကမ္ဘာ' ဖတ်ပြီးကတည်းက သူ့ကိုယ်သူ ဒဿနဆရာလို့ ထင်နေလား မသိ။ ရှုပ်နေတာပဲ။ အိပ်တာပဲ ကောင်းတယ်။ မကြီးက ဆက်ပြောနေတယ်။

"ရန်ပွဲတစ်ခုကို စတဲ့သူ ကိုယ် မဖြစ်စေနဲ့၊ ဒါပေမဲ့ အဆုံးသတ် ပေးသင့်ရင်တော့ သတ်ပေးရမယ်၊ ငါပြောတာ မဟုတ်ဘူး၊ ဖေဖေပြောတာ ပြန်ပြောပြတာ။ အဲဒါကို ငါနားလည်အောင် ကြိုးစားနေတာ"

အို... နားမလည်ပါဘူးဆိုမှ။ ခုနက အသည်းအသန် ရန်ဖြစ်နေကြတဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ ခုတော့လည်း ကိုယ် နားမလည်တဲ့အရာတွေကို တွေးရင်း ငြိမ်သက်နေကြပြန်ရော။ ခဏကြာတော့ ကျွန်မ အိပ်ပျော်သွားတယ်။

နောက်ပိုင်းတော့ ခြူးဆက်ဝေလည်း ကျွန်မကို လွတ်ပေးလိုက်သလို ဖြူသန့်နဲ့ ကျွန်မလည်း ပိုခင်လာတယ်။ ဖြူသန့်က စာမရပေမယ့် ပန်းချီဆွဲတာတို့၊ အိမ်တွင်းမှု ပစ္စည်း လုပ်တာတွေမှာ တော်တယ်။ ကျောင်းပြောင်းသွားတဲ့ အရင်က ကျွန်မအချစ်ဆုံး သူငယ်ချင်း အေးသီဇော်နောက်ပိုင်း အခင်ဆုံး တစ်ယောက် ဖြစ်လာတယ်။ သေချာတာကတော့ ကျွန်မနဲ့ ခြူးဆက်ဝေ ရန်ဖြစ်အပြီးမှာ အတန်းထဲက လူတွေက သူ့ကို အရင်လောက် မရိုန်ကြတော့ဘူး။ သူတို့ ကျွန်မကို တိတ်တိတ်လေး ကျိတ်ကျေးဇူးတင်နေမလားပဲ။ မျှော်လင့်ရတာပါ။ တကယ် ကျွန်မ ဒီအရှုပ်ထုပ်တွေထဲက လွတ်လေ ကောင်းလေပဲ။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၃ )

ကျွန်မတို့နှစ်ယောက်ဟာ ငယ်ငယ်လေးကတည်းက ပုံပြင်တွေ ဖတ်ရတာ သိပ်စိတ်ဝင်စားတာ။ ဘယ်လောက်ပဲ ရန်ဖြစ်နေပါစေ၊ ဖေဖေက ပုံပြင်စာအုပ်တွေ ဝယ်လာတယ်လို့ ပြောရင် အပြေးအလွှား လုဖတ်ကြရော။ အဲဒီလို လုဖတ်ရတာ သိပ်အရသာ ရှိတယ်လေ။ စာအုပ်ဖတ်ချင်တာက ပါတော့ ပါတယ်။ ဒါပေမဲ့ ဘယ်သူ အရင်ရလည်း လုရတာ ပိုအရသာရှိတယ်။ အဲဒါတွေသိလို့ အဖေက ဝယ်ရင်လည်း အမြဲတမ်း နှစ်အုပ်လောက် ဝယ်လာတယ်။ မဟုတ်ရင် သတ်ပွဲပဲ။ တစ်ခါတော့ မေမေက ပြောတယ်။

"သမီးတို့က လုမဖတ်ဘဲ အတူတူ ဖတ်ဖို့ လည်း ကြိုးစားပါဦး"

တဲ့။ အဲဒါ မကြီးက–

"မဖတ်ဘူး၊ သူဖတ်တာ နှေးက နှေးနဲ့၊ တစ်မျက်နှာကို နာရီ၂၀ လောက် ဖတ်နေတယ်"

ကျွန်မက ဘယ်ခံချင်မလဲ။

"အောင်မာ၊ ငါဖတ်တာ အဲဒီလောက် မနှေးဘူးဟဲ့"

"နှေးတယ်"

mgyoe.com

mgyoe.com  SAMPLE BOOK 

"မနေ့းဘူး"

"နေ့းတယ်"

"မနေ့းဘူး"

"ခရုမ"

"ခွေးမ"

"လိပ်မ"

"ဆိတ်မ"

"ပတ်ကျိကို ကျပ်စည်းထားတဲ့ နှုန်းနဲ့"

"ဝက်ကို ရွှံ့လူးထားတဲ့ ရုပ်နဲ့"

"ဟဲ့... နင်ကမှ ဝတုတ်၊ ငါက ပိန်တယ်"

"အရိုးခြောက်ကို ထဘီပတ်ထားတဲ့ ရုပ်နဲ့"

"ငါ ဝတ်ထားတာ ဘောင်းဘီဟဲ့"

ဖေဖေက နားကြားပြင်းကတ်လို့ ဝင်ပြောတယ်။

"ကဲ... ကဲ... တော်ကြတော့၊ မင်းတို့နှစ်ယောက်လုံးကို ဖေဖေ ကဗျာ ဖတ်ပြမယ်၊ လာကြ"

ဖေဖေ ဖတ်ပြတဲ့ ကဗျာတွေကို ကျွန်မတို့ သိပ်ကြိုက်တာ။ တစ်ခါတလေ သူက အင်္ဂလိပ်ကဗျာတွေကိုပါ ဘာသာပြန်ပြတာ။ ကျွန်မတို့နှစ်ယောက်က မျှော်လင့်တကြီးနဲ့ ဖေဖေ့နား သွားထိုင်နေကြတယ်။ ဖေဖေက အင်္ဂလိပ်စာအုပ် တစ်အုပ် ယူလာတယ်။ သေချာတယ်။ သူ ဘာသာပြန်ပြတော့မှာ။ ဖေဖေက လည်ချောင်းရှင်းပြီး စပြောတယ်။

"ကဗျာနာမည်က To a Sister တဲ့၊ Sister ဆိုတာ ဘာလဲ ခေမာ"

"ညီမ"

"To a sister ဆိုတော့"

"ညီမတစ်ယောက်ဆီသို့လား"

"ချစ်ညီမထံသို့ပေါ့၊ ကဲ... နားထောင်"

ဖေဖေက သံနေသံထားနဲ့ စဖတ်တယ်။ သူက အင်္ဂလိပ်လို အရင် ဖတ်ပြ ပြီးရင် ဘာသာပြန်ပြလိမ့်မယ်။

"ပထမတစ်ပိုဒ်က–

*A fresh young voice that sings to me*

mgyoe.com

*So often many a simple thing,*
*Should surely not answered be*
*By all that I can sing တဲ့။*
*လွယ်ကူရိုးရှင်းတဲ့ အရာများစွာကို*
*ငါ့ကို သီချင်းလို ဆိုပြခဲ့တဲ့ အသံပျို့ အသံသာလေးရယ်*
*ငါဆိုနိုင်သမျှ အရာအားလုံးထက် မင်းက ပိုလွန်းခဲ့တယ်"*

"အဲဒါ ဘာပြောတာလဲ ဖေကြီး"
ကျွန်မ နားမလည်လို့ မေးလိုက်တယ်။
"ကဗျာဆုံးအောင် နားထောင်လေ ကြည်ပြာရဲ့...
နောက်တစ်ပိုဒ် ဆက်ဖတ်မယ်နော်။

*Dear voice, be happy every way*
*A thounsand changing tones among,*
*From little child's unfinished lay*
*To angel's perfect song.*
*ချစ်သော သံသာရယ်*
*ကလေးတစ်ယောက်ရဲ့ မပြီးပြတ်သေးတဲ့ သီချင်းကအစ*
*နတ်သမီးရဲ့ ပြီးပြည့်စုံတဲ့ တေးအထိ*
*ထောင်ချီပြောင်းလဲနေတဲ့ အသံအမူအရာကြားမှာ*
*ပျော်ပျော်နေပါကွယ်။*

*In dewy woods-fair, soft, and green*
*Like morning woods are childhood"s bower-*
*Be like the voice of brook unseen*
*Among the stones and flowers;*
*မြူဆိုင်းတဲ့ သာယာနူးညံ့ စိမ်းရောင်ခြယ် တောအုပ်ကြား*
*နံနက်ခင်း တောမြိုင်ဟာ ကလေးတစ်ယောက်ရဲ့ ကွန်းခိုရာ ဖြစ်သလို*
*ကျောက်ခဲတွေနဲ့ ပန်းပွင့်တွေကြား*
*မမြင်ရတဲ့ စမ်းချောင်းလေးရဲ့ အသံလို ဖြစ်ပါစေ။*

mgyoe.com

mgyoe.com SAMPLE BOOK

*A joyful voice though born so low*
*And making all its neighbours glad*
*Sweet, hidden, constant in its flow*
*Even when the winds are sad.*

*နှိမ့်ချတိုးညင်းတဲ့ ကြည်နူးဖွယ် အသံလေးဟာ*
*သူ့အနီးအနားက လူတွေကိုပါ ပျော်စေတယ်လေ*
*လေတွေ ကြေကွဲဝမ်းနည်းချိန်မှာပါ*
*သူ့အသံဟာ ချိုမြိန်ဖုံးအုပ်ထားပြီး*
*သူ့စီးသံက မရပ်စတမ်းပဲ။*

*So, strengthen in a peaceful home,*
*And daily deeper meanings bear;*
*And when life"s wildernesses come*
*Be brave and faithful there.*

*ငြိမ်းချမ်းတဲ့ အိမ်တစ်ဆောင်မှာ ခွန်အားမွေးယူပါ*
*နေ့သစ်တိုင်းမှာ ပိုလေးနက်တဲ့ အဓိပ္ပာယ်တွေ ရှာတွေ့ပါစေ*
*ဘဝရဲ့ အရိုင်းဆန်မှု ကျရောက်တဲ့အခါ*
*သတ္တိနဲ့ သစ္စာရှိပါစေ။*

*Try all the glorious magic range,*
*Worship, forgive, console, rejoice*
*Until the last and sweetest change–*
*So live and grow, dear voice.*

*တွေ့ရှိရသမျှ အံ့ဖွယ်မှော်အစွမ်းတွေကို ခံယူပါ*
*ကိုးကွယ်မြတ်နိုးပါ၊ ခွင့်လွှတ်ပါ၊ နှစ်သိမ့်ပါ၊ ဝမ်းမြောက်ပါ*
*နောက်ဆုံးနဲ့ အချိုမြိန်ဆုံး ပြောင်းလဲချိန်အထိ*
*ရှင်သန်ကြီးထွားပါ၊ ချစ်သော သံသာရာ။*
ရေးတဲ့သူက ဂျော့ဂျ်မက္ကဒေါနယ် တဲ့"

mgyoe.com

mgyoe.com

ဖေဖေ ဖတ်ပြတာ ပြီးသွားတော့ ကျွန်မ မျက်ရည်ဝဲလာတယ်။ ဖေဖေက ကျွန်မကို ပြုံးကြည့်ပြီး မေးတယ်။

"အဓိပ္ပာယ်ကို နားလည်လား သမီးငယ်"

"နားလည်သလိုလိုတော့ ရှိတယ်၊ ဒါပေမဲ့ အတိအကျတော့ မဟုတ်ဘူး။ သမီးနားထဲမှာ စမ်းရေစီးသံ ကြားနေရသလိုပဲ"

"အဲဒါ နင် နဖာ မကလေဘ်ထားလို့"

ဘေးနားက မကြီးက ဝင်ပြောပါတယ်။ ကျွန်မသူ့ပေါင်ကို လှမ်းရိုက်တော့ သူ ရှောင်လိုက်ပါတယ်။ ကျွန်မ ဖေဖေ့ကို ဆက်မေးပါတယ်။

"ဒါနဲ့ အဲဒီ ချစ်သောသံသာ ဆိုတာ ဘာပြောချင်တာလဲ ဖေကြီး"

"သံသာဝင်းကို ပြောတာလေ... နွဲ့ယဉ်ဝင်းရဲ့ သမီး"

သင်း ဝင်ပြောပြန်ပြီ။ ကျွန်မ စူစူပုပ်ပုပ်နဲ့ ပြောလိုက်တယ်။

"နင်က အနုပညာကို မခံစားတတ်တာ"

"ခံစားတတ်ပါတယ်၊ ငါ့ကို ဇလုံသာ ပေး၊ ခံစားပြမယ်"

ဖေဖေက ရယ်နေတယ်။ ကျွန်မ သူ့ကို တံမြက်စည်းနဲ့ ကျုံးပြီး အမှိုက်ပုံးထဲ သွားထည့်ချင်တာ။ အစ်မတွေဟာ တကယ်တော့ ကိုယ့်ကို နှောင့်ယှက်ဖို့ မွေးလာတာ။ အဲဒီလိုပြောရင် ငါက နင့်ထက် အရင်မွေးလာလို့ ဘယ်သူက ဘယ်သူ့ကို နှောင့်ယှက်ဖို့ မွေးလာလဲ စဉ်းစားလို့ အပြောခံရမှာ သိနေလို့ ကျွန်မ ပါးစပ်ပိတ်နေလိုက်ရတယ်။

ဒီလိုနဲ့ ကျွန်မမွေးနေ့ ရောက်လာရော။ ကျွန်မတို့မှာ မွေးနေ့ပါတီတွေ ဘာတွေ လုပ်တဲ့ အစဉ်အလာတွေ ဘာတွေ မရှိဘူး။ မွေးနေ့ရောက်လာရင် ဘုရားသွားရင် သွား၊ ဒါမှမဟုတ် အိမ်မှာပဲ မေမေက မုန့်တစ်ခုခု လုပ်ကျွေးတယ်။ ဒါပါပဲ။ ဖေဖေက ကျွန်မအတွက် စာအုပ်တစ်အုပ် လက်ဆောင်ပေးတယ်။ 'မင်းသားလေး' တဲ့။ ကျွန်မ သိပ်ဖတ်ချင်နေတဲ့ စာအုပ်ပေါ့။ မေမေကတော့ ကျွန်မ မျက်စိကျနေတဲ့ အင်္ကျီ ဝယ်ပေးတယ်။ မကြီးက ခပ်တည်တည်နဲ့ ချိုချဉ် စုပ်နေတယ်။ သူ ကျွန်မအတွက် ဘာမှ ဝယ်မထားတဲ့ ပုံပဲ။ သူ စုပ်ပြီးသား ချိုချဉ်ကို ပါးစပ်ထဲက ထုတ်ပြီး 'ရော့... ဒါစား' တဲ့။ ကျွန်မ မျက်စောင်းထိုးလိုက်တယ်။ ညရောက်တော့ ကျွန်မအိပ်ရာပေါ်မှာ ကတ်တစ်ကတ် တွေ့တယ်။ Happy Birthday ကတ်ပေါ့။ ဖွင့်ကြည့်လိုက်တော့ သူက Happy Birthday ထအော်တယ်။ နောက်ကတ်တစ်ကတ်လည်း ကြားမှာ တွေ့တယ်။ ကျွန်မ ကြည့်လိုက်

mgyoe.com

 SAMPLE BOOK 

တော့ မကြီးရဲ့ ခပ်သော့သော့ လက်ရေးနဲ့ ရေးထားတဲ့ ကဗျာတစ်ပုဒ် တွေ့တယ်။ 'To a Sister' တဲ့။ ပြီးရင် မြန်မာလိုပါ ဘာသာပြန်ထားတာပါတယ်။ 'ချစ်ညီမထံသို့' တဲ့။ အင်္ဂလိပ်လိုတော့ ကျွန်မ မဖတ်တတ်သေးဘူး။ ပြီးတော့ ကတ်ရဲ့ ကျောဘက်မှာ ရေးထားတယ်။ 'ချစ်သော သံသာအတွက်' တဲ့။ ကျွန်မ ကတ်ကို ယူပြီး ရင်ဘတ်နဲ့ ကပ်ထားမိတယ်။ ကြည်နူးမှုတွေက တရိပ်ရိပ်။ ကျွန်မ လိုချင်လှပါတယ်ဆိုတဲ့ စာအုပ်နဲ့ အင်္ကျီထက် ဒီကတ်ကို ကျွန်မ ပိုမြတ်နိုးနေမိပါရောလား။

အိပ်ခါနီးတော့ မကြီး အခန်းထဲ ဝင်လာတယ်။ သူ့မျက်လုံးက ဖျတ်ခနဲ ကျွန်မ အိပ်ရာပေါ်ကို လှမ်းကြည့်လိုက်တာကို ကျွန်မ မျက်လုံးထောင့်စွန်းက မြင်လိုက်ရတယ်။ ပြီးတော့ သူ့ခုတင်ပေါ် တက်ပြီး စောင်ကို အသာခြုံပြီး နံရံဘက်ကို လှည့်နေတယ်။ မလှည့်ခင် သူပြုံးနေတာကို ကျွန်မ မြင်ဖြစ်အောင် မြင်လိုက်သေးတယ်။ ကျွန်မ မပြုံးဘဲ ဘယ်နေနိုင်မလဲ။ ကျွန်မလည်း ခေါင်းအုံး အောက်မှာ ထိုးထည့်ထားတဲ့ ကတ်လေးကို အသာအယာ စမ်းကြည့်တယ်။ ရင်ထဲ နွေးခနဲ။ အဲဒီမကြီးကတော့ တကယ်ပါပဲ။ တတ်လည်း တတ်နိုင်တယ်။ တကယ်လို့ အဲဒီနေ့ညက သေမင်းသာ ကျွန်မကို လာရှာရင် ပြုံးပြုံးလေး အိပ်နေတဲ့ ကျွန်မကို မြင်ပြီး ကျွန်မအသက်ကို နုတ်ဖို့ သတိမရဘဲ ပြုံးပြုံးလေး ပြန်သွားမယ် ထင်ပါရဲ့။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၄ )

ဖေဖေ့ရဲ့အစ်ကို ဦးညီ နိုင်ငံခြားက ပြန်လာတော့ မကြီးအတွက် လက်ဆောင် ကင်မရာ တစ်လုံး ပါလာတယ်။ အဲဒီမှာ သွားတာပဲ။ သူဟာ ဒီကင်မရာကို လွယ်ပြီး ကမ္ဘာ ပတ် ဓာတ်ပုံရိုက်ပါလေရော။

ခွေးသေးပန်းနေတဲ့ ပုံ၊ ကွမ်းတံတွေး ထွေးနေတဲ့ ပုံ၊ လူကြီးတစ်ယောက် က လမ်းဘေးမှာ ရှူးပေါက်နေတဲ့ ပုံ။ တစ်ခါတလေကျတော့လည်း ခိုတွေ ပျံနေ ပုံ။ နေဝင်နေတဲ့ ပုံ။ ဘုန်းကြီး ဆွမ်းခံကြွနေတဲ့ ပုံ။ ကျွန်မလည်း အငြိမ်မနေရ။ သူက ပို့စ်ပေးခိုင်းတိုင်း မပေးချင်ပေးချင် (ဟဲ ဟဲ) ပေးနေရတယ် ဆိုပါတော့။ အိမ်က မယ်ခွေတို့၊ ဦးတိုးတို့လည်း ငြိမ်ငြိမ်မနေရတော့။ သူတို့တောင် မကြီးက ကင်မရာချိန်လိုက်ရင် ပို့စ်ပေးတတ်နေပြီ။ ဦးတိုးက ပိုပေးတတ်တယ်။ လျှာ တစ်လစ်နဲ့။ မယ်ခွေကတော့ ကင်မရာ ချိန်လိုက်ရင် မျက်နှာထက် အမြီးကော့ပြ တာ များတယ်။ ဂရုမစိုက်ဘူး ဆိုတဲ့ သဘောပေါ့။

တစ်ခါတော့ လင်မယားနှစ်ယောက် ရန်ဖြစ်နေတဲ့ အိမ်ရှေ့ သူ ရောက် သွားတယ်။ ယောကျ်ားနဲ့ မိန်းမ ရန်ဖြစ်နေတဲ့ ပုံကို သူ ဖိုးကပ်စ်ချိန် မရလို့ ဆိုပြီး အဲဒီအိမ်ဝထိ သွားရိုက်တယ်။ တုတ်ကိုင်ထားတဲ့ ယောကျ်ားရဲ့ဒေါသဟာ သူ့ဘက်

mgyoe.com

ကို လှည့်လာတယ်။ သူ တုတ်နဲ့ရွယ်တော့မှ မကြီး သူ့စက်ဘီးပေါ် တက်ပြီး အူယား ဖားယား ပြေးလိုက်ရတာ ဆိုတာ။ မေမေ သိတော့ ပြောတယ်။

"ဟဲ့... သူများလင်မယား ရန်ဖြစ်နေတာကို ဘာလို့ ခတ်ပုံသွားရိုက် ရတာလဲ"

"သမီးက တကယ့်ဘဝ တကယ့်ဇာတ်လမ်းကို မှတ်တမ်းတင်တာလေ"

"တချို့ကိစ္စတွေက ကြားမဝင်ကောင်းဘူး သမီးရဲ့"

"မေမေရယ်၊ ကြားဝင် မကောင်းဘူး ဆိုပြီး ဘယ်သူမှ မဝင်ဘဲ နေကြ တာနဲ့ပဲ ပြောခွင့်မရှိဘဲ နှိပ်စက်ခံနေရသူတွေ တစ်ပုံကြီးပါ။ အခုကြည့်လေ... အဲဒီလူကြီး က သူ့မိန်းမကို ရိုက်မလို့လုပ်နေတာ၊ သမီး ဝင်နှောင့်ယှက်လိုက်တော့ သူ့ဒေါသ သမီးဘက် လှည့်လာပြီး အနည်းဆုံးတော့ သူ့မိန်းမ ဒီနေ့ အရိုက်မခံ လိုက်ရဘူးပေါ့"

"ဟမ်... နင့်ကို မမီတော့ အိမ်ပြန်သွားပြီး သူ့မိန်းမကို ပိုရိုက်နေရင် မခက်လား"

ကြောက်တတ်တာကြောင့် သံသယလည်း များတတ်တဲ့ ကျွန်မက ဝင်ပြောမိတယ်။ သူ နည်းနည်း တွေသွားတယ်။

"ဒါပေမဲ့လည်းလေ"

သူဆက်မပြောဘဲ သက်ပြင်းချပြီး အခန်းထဲ ဝင်သွားတယ်။ သူက တစ်ခါတလေကျရင် အဲဒီလိုကြီး တွေးနေတတ်တယ်။ ခဏကြာတော့ ပြန်ထွက် လာတယ်။

"ငါ မသိဘူး ကြည်ပြာရဲ့၊ နင်ပြောတာ ဟုတ်ရင် ဟုတ်မယ်၊ ဒါပေမဲ့ လူဆိုတာ အပြောင်းအလဲတစ်ခု ဖြစ်အောင် ကြိုးစားကြည့်ရမှာပဲ မဟုတ်လား""

မေမေက လေးလေးပင်ပင် ဝင်ပြောတယ်။

"သမီးကြီး ခေမာ၊ သမီး ဒီအသက် ဒီအရွယ်မှာ လက်ခံချင်မှ လက်ခံ မယ်၊ အကျောက်အကန် ငြင်းရင် ငြင်းမယ်။ ဒါပေမဲ့ လူတိုင်းကို လိုက်ကယ်တင် နေစရာမလိုဘူး သမီးရဲ့။ သမီးက ဘယ်သူ့ကိုမဆို ကူညီချင်တာ မေမေ သိပါတယ်၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ သမီး ကယ်တင်ရမယ့် တစ်ယောက်တည်းသော သူဟာ သမီးကိုယ်တိုင် ဖြစ်ချင်ဖြစ်နေမယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပစ်ပြီး သူများကို ကယ်တင်ဖို့ မကြိုးစားပါဘူးလို့ မေမေ့ကို ကတိပေးနိုင်မလား"

မကြီးက ငြိမ်နေတယ်။ မေမေက သူ့ကို စိုက်ကြည့်ပြီး ကြင်ကြင်နာနာ ပြောတယ်။

mgyoe.com

"အခုအချိန်မှာ နားလည်ဖို့ ခက်နေတာ မေမေသိပါတယ်၊ ဒါပေမဲ့ အဲဒီအချိန် ရောက်တဲ့အခါ သမီး မေမေပြောတာ သတိရပါ၊ လူတိုင်းကို သမီး မကယ်နိုင်ဘူး။ သမီး ဘာပြောချင်လို့လဲ ကြည်ပြာ"

ပါးစပ်တပြင်ပြင် ဖြစ်နေတဲ့ ကျွန်မကို မေမေက မေးပါတယ်။

"ဟိုလေ... မကြီးက မပြောရဲဘဲ နှိပ်စက်ခံနေရသူတွေဆိုလို့ သမီး သွားသတိရမိတာ။ သမီးတို့ အခန်းထဲမှာ အောင်သူရ ဆိုတာ ရှိတယ်၊ သူက လူ ကောင် သေးသေးလေးရယ်။ သူ့ကို ရဲနိုင်တို့အုပ်စုက သိပ်နှိပ်စက်ကြတာပဲ။ သူများတွေ အမြင်မှာတော့ နှိပ်စက်တယ်လို့ မြင်ကြမှာ မဟုတ်ဘူး၊ စနေတာပေါ့။ ဒါပေမဲ့ တစ်ခါတလေ အရမ်းလွန်တယ်။ သူ့ပုဆိုးကို မိန်းကလေးတွေ ရှေ့မှာ အတင်း ဆွဲချွတ်လို ချွတ်၊ သူ့လွယ်အိတ်ကို ဝှက်လိုဝှက်၊ သူ စာမရရင် ဗိုင်းဟား လိုဟားနဲ့၊ သူက ပြန်ပြောမလို့ လုပ်ရင် မင်းက မိုက်လားဆိုပြီး ခပ်ဖွဖွလိုလိုနဲ့ တကယ်ကြီး ထိုးကြတာ၊ အောင်သူရ သနားပါတယ်""

"ဟုတ်လား၊ ဒါဆိုးတာပဲ"

မကြီးက ပြောတယ်။

"ပိုဆိုးတာက အောင်သူရကို ရဲနိုင်တို့က အနိုင်ကျင့်လို့ရတယ် ဆိုတာ တွေ့တော့ ဟိုရှစ်တန်း၊ ကိုးတန်းက အစ်ကိုကြီးတွေပါ လာပြီး သူ့မုန့်ဖိုးကို လာလု ကြတယ် ကြားတယ်"

"ကိုးတန်းက ဘယ်သူတွေလဲ၊ ငါနဲ့တွေ့မယ်"

"မသိဘူး"

"ဒါနဲ့ ရဲနိုင်ဆိုတာ ကျောင်းစုံညီပွဲတော်မှာ အလယ်တန်းကလေးတွေ ကိုယ်စား စကားတက်ပြောတဲ့ ကောင်လေး မဟုတ်လား၊ ရုပ်သနားကမားနဲ့ စကားပြောချိုချိုလေးလေ"

"သေချာတာပေါ့၊ သူအစစ်ပဲ။ စကားက ပျားထက်ချိုတယ်၊ ရုပ်ကလည်း မင်းသားရုပ်၊ ဒါပေမဲ့ သူ့ကို အတန်းထဲက မိန်းကလေးတစ်ယောက်မှ မကြိုက် ဘူး၊ စိတ်ဓာတ်လေးတွေ သိလို့"

"ခြူးဆက်ဝေကော မကြိုက်ဘူးလား"

"အင်း... ဘယ်လိုပြောရမလဲ၊ မြွေမြွေခြင်း ခြေမြင်လို့ ပြောရမလား။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် လက်ရှောင်ကြတယ်လို့ ပြော ရမလားပဲ"

mgyoe.com

"ခြူးဆက်ဝေက ဘယ်သူလဲ"

မေမေက ဝင်မေးတယ်။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ချိန်မှာ ကံကောင်းချင်တော့ ဖေဖေ အိမ်ပြန်ရောက်လာတယ်။ ကျွန်မတို့ မေမေ့မေးခွန်းကို မေ့ချင်ယောင်ဆောင်ပြီး ဖေ့ဖေ့ကို ထွက်ကြိုကြတယ်။

တစ်နေ့တော့ မကြီး ကျွန်မကို ကျောင်းကကြိုပြီး အပြန်မှာ အောင်သူရကို ဝိုင်းစနေတဲ့ ရဲနိုင်တို့ အုပ်စုရယ်၊ ရှစ်တန်းက ၄စ်ယောက်ရယ် မကြီးနဲ့ တန်းတိုးတော့တာပဲ။ မကြီးက တမင်ကိုက်ပြီး လာတာ ပိုဖြစ်နိုင်တယ်။ ထုံးစံအတိုင်း အောင်သူရရဲ့ လွယ်အိတ်ကို ရဲနိုင်တို့က ဟိုဘက်မြှောက်လိုက်၊ ဒီဘက်မြှောက်လိုက်နဲ့ ခွေးရူးလို လုပ်နေကြတာ။ ကျွန်မ သိတယ်၊ မကြီး ဝင်ပါတော့မယ်ဆိုတာ။ အမှန်အတိုင်းပြောရရင် သူ ဝင်မပါပါစေနဲ့လို့ ကျွန်မ တိတ်တခိုး ဆုတောင်းနေမိတယ်။ ကျွန်မ အိမ်မြန်မြန်ပြန်ပြီး မနေ့က ငှားထားပြီး မီးပျက်နေလို့ မကြည့်ရသေးတဲ့ ကာတွန်းကား ကြည့်ချင်လှပြီ။ ပြီးရင် ကျွန်မ ကြောက်တာက တကယ်လို့ သူဝင်ပါလိုက်ရင် နောက်နေ့ ရဲနိုင်တို့က ကျွန်မကို မဲရင် ဘယ်လိုလုပ်မလဲ။ ကျွန်မ မကြီးကို တားမလို့ပဲ။ ဒါပေမဲ့ ကျွန်မခေါင်းထဲက အသံက အဲဒါမှားတယ်လို့ ပြောနေတယ်။ ကျွန်မရဲ့စိတ်က မှားတာ သိတယ်။ ဒါပေမဲ့ မှန်တဲ့ဘက်က ရပ်တည်ရဲတဲ့ သတ္တိ မရှိတာ ခက်တယ်။

မကြီးက စက်ဘီးကို လမ်းဘေးချရပ်ပြီး ရဲနိုင်တို့ဆီ လျှောက်သွားတယ်။ ကျွန်မက ရန်ဖြစ်တော့မှာလားဆိုပြီး ကြောက်နေမိတယ်။ သူက ရဲနိုင်ကို ကြည့်ပြီး မေးလိုက်တယ်။

"မောင်လေးက ရဲနိုင်နော်"

ရဲနိုင်က အောင်သူရရဲ့ လွယ်အိတ်ကို အသာလေးချပြီး ပြန်ဖြေတယ်။

"ဟုတ်ကဲ့ပါ"

"ဘာမှ မဟုတ်ပါဘူး။ မောင်လေးက စကားပြောတာ အရမ်းကောင်းတော့ အစ်မတို့နောင်လာမယ့် စုံညီပွဲတော်မှာ စကားနည်းနည်းများ ပြောချင်မလားလို့လေ"

ရဲနိုင်ရဲ့ မျက်လုံးတွေ လက်သွားတယ်။

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် ဘာများပြောပေးရမလဲ အစ်မ"

ရဲနိုင်က အဲဒီလို လူစားမျိုး။ မုန်းဖို့ကောင်းလောက်အောင် ယဉ်ကျေး

mgyee.com

mgyoe.com SAMPLE BOOK

တာ။ တကယ်လည်း မုန်းဖို့ ကောင်းတာပဲ။ သူပြောတဲ့ စကားတွေဟာ ပျားရည်ကို သကြားဖြူးပြီး ခရင်မ်ထည့်ထားသလို ချိုတယ်။ ပစ်ရက်စရာ တစ်လုံးမှ မပါဘူး။

"နောက်နေ့ကျရင် မောင်လေးပြောရမယ့် စကားတွေ အစ်မ ရေးပေးမယ်နော်"

မကြီးက အဲဒီလိုပြောပြီး အောင်သူရဘက် လှည့်လိုက်တယ်။

"ဒါနဲ့ မောင်လေးက ဟိုပုဆိန်တွေ၊ ဓားတွေလုပ်တဲ့ ပန်းပဲဖိုက ဦးသက်လွင်ရဲ့တူ အောင်သူရ မဟုတ်ဘူးလား။ ဦးလေးက ဓားကိုင် သိပ်ကျွမ်းတာနော်။ ဟိုတစ်ခါတုန်းက သူ့အိမ်က ခွေးကို လိုက်ကိုက်တဲ့ ခွေးတစ်ကောင်ကို ဓားနဲ့ လှမ်းပေါက်တာ အဲဒီခွေးဆိုးကြီး အမြီးပြတ်သွားပါလေရော"

အောင်သူရက ကြောင်နေတယ်။

"ဗျာ... အစ်မ လူမှ..."

"ဟုတ်တယ်၊ ဦးလေးက မင်းအကြောင်း အရမ်းပြောတာ။ ငါ့တူကို ဓားကိုင်နည်း သင်ပေးမယ်ဆိုလားပဲ။ ကဲ... ကဲ... အစ်မတို့ အဲဒီဘက်သွားမှာနဲ့ အတော်ပဲ၊ လာ... လိုက်ခဲ့၊ ကြည်ပြာ၊ နင်ရှေ့မှာ သွားထိုင်စမ်း"

မကြီးက အောင်သူရကို ဘာမှပြောခွင့်မပေးဘဲ စက်ဘီးပေါ် တက်ခိုင်းတယ်။ အောင်သူရက မဝံ့မရဲနဲ့-

"ဟို... သား လွယ်အိတ်"

မကြီးက သတိရသွားပုံနဲ့ -

"ရဲနိုင်၊ မောင်လေးရေ... အစ်မကို အောင်သူရ လွယ်အိတ်လေး လှမ်းလိုက်ပါဦး"

ရဲနိုင်က အောင်သူရ လွယ်အိတ်ကို ဖုန်ခါပြီး အောင်သူရကို ကမ်းပေးတယ်။ ကျန်တဲ့သူတွေလည်း တုတ်တုတ် မလှုပ်ဘူး။ မကြီးက အေးဆေးပဲ။ လေတချွန်ချွန်နဲ့ စက်ဘီးကို နင်းလာတယ်။ လမ်းပေါ်ရောက်မှ အောင်သူရကို-

"မောင်လေး ဘယ်မှာနေလဲ" တဲ့။

အောင်သူရက အထစ်ထစ်အငေါ့ငေါ့နဲ့ သူ့လိပ်စာကို ပြောပြီး-

"အစ်မ လူမှားနေတယ်။ သားမှာ အဲဒီလို ဦးလေး မရှိဘူး" တဲ့။

မကြီးက ရယ်နေပြီး-

"ငါ သိပါတယ်"

mgyoe.com

အောင်သူရက သဘောပေါက်သွားပုံပဲ။ သူ့အိမ်ရောက်တော့ သူက–

"ကျေးဇူးပဲ မကြီး" တဲ့။

ကျွန်မ နည်းနည်းတင်းသွားတယ်။ သူ ဘာလို့ 'မကြီး' လို့ ခေါ်ရတာလဲ။ အဲဒါ ကျွန်မတစ်ယောက်တည်း ခေါ်တဲ့ နာမည်ကို။ အစ်မဆိုလည်း အစ်မ၊ မခေမာဆိုလည်း မခေမာပေါ့။

အောင်သူရကို ပို့ပြီးအပြန်မှာ ကျွန်မက ရဲနိုင်ဟာ လျှာနှစ်ခွနဲ့လူ၊ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးမို့ မှတ်လောက် သားလောက်အောင် မဆူလိုက်ရလို့ မကျေမချမ်းနဲ့ ပြောလာတယ်။ အခု သူက စုညီပွဲတော်မှာတောင် စကား တက်ပြောရဦးမယ်။ အမှန်အတိုင်းပြောရရင် ကျွန်မ မကျေနပ်ဘူး။ အဲဒီလိုလုပ်တာ မှန်တယ်ဆိုတာကို သိလည်း မကျေနပ်ဘူး။ ကျွန်မက မကြီးလိုသာ မရဲတာ။ ကိုယ်ပိုင်အတွေးအခေါ်၊ ထင်မြင်ယူဆချက်တွေကတော့ သူ့ထက် ပိုရှိတယ် (လို့ ကိုယ့်ကိုယ်ကိုယ် ထင်တာပဲ။) ဆင်ဖြူတော်မှီပြီး ကြံစုပ်သလို မကြီးကို မှီပြီး ကျွန်မက အမှန်တရားဘက်တော်သား လုပ်ချင်သေးတာ။

"ကြည်ပြာ၊ နင်စဉ်းစားကြည့်စမ်း၊ ငါရဲနိုင်ကို အဲဒီလို ပြောလိုက်ရင် သူ ဘာလုပ်မယ်လို့ ထင်လဲ၊ အရင်ကထက် ပိုဆိုးလာပြီး အောင်သူရကို ငါ့ကွယ်ရာမှာ ပိုမနှိပ်စက်ချင်လာဘူးလား။ သုံးဖက်မြင်တတ်ရတယ်။ ငါလည်း အစတုန်းက အဲဒီကောင်လေးကို နားပန်ကျင်းချင်တာ၊ ဒါပေမဲ့ ဒီလိုလုပ်လို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးလေ။ ငါပြောလိုက်တာကြောင့် ရဲနိုင် ပျော်သွားတယ်။ လူဆိုတာ ပျော်နေရင် ညစ်ပတ်ချင်စိတ် မရှိဘူး""

"ဘာလဲ၊ နင်က ပျော်လည်း ရေမချိုးဘဲ နေတာပဲဟာ"

"တောက်၊ အဲဒါပြောတာ မဟုတ်ဘူးဟဲ့၊ စိတ်ညစ်ပတ်တာကို ပြောတာ မိုင်းတာမရဲ့"

"လင်းတမကများ"

"ဟာ... ငါ ရန်မဖြစ်ချင်ဘူး။ အတည်ပြောတာ နားထောင်။ အခု ရဲနိုင်က ပျော်သွားတော့ သူ အောင်သူရကို အနိုင်ကျင့်ချင်စိတ် မရှိတော့ဘူး။ ပြီးတော့ သူက ခြောက်တန်းပေမယ့် ဒီအုပ်စုမှာ သူက ဗိုလ်လုပ်နေတဲ့ပုံပဲ။ ဟို ရှစ်တန်းနှစ်ကောင်က အဲဒီလောက် မဟုတ်ဘူး။ သူ့နောက် လိုက်နေကြတာ။ ခေါင်းဆောင် ပျော်ရင် ရပြီ။ အဲဒီလို သူ့ကိုယ်သူ ဆရာကြီးထင်နေတဲ့ သူတွေကို ချော့ပြီး မြှောက်ပေါင်းရတယ်"

mgyoe.com

mgyoe.com

ကျွန်မ ခဏငြိမ်သွားတယ်။ ကျွန်မ တွေးနေမိတာပါ။ ပြီးတော့ မကြီးကို မေးလိုက်တယ်။

"ခေမာ၊ ငါလည်း နင့်အသက်အရွယ် ရောက်လာရင် နင့်လိုပဲ အားလုံးကို သိလာမှာလားဟင်"

"ငါ အားလုံးကို သိတယ်လို့ နင့်ကို ဘယ်သူပြောလို့လဲ"

"ဒါပေမဲ့ ငါမသိတဲ့ အရာတွေအတွက် နင့်မှာ အဖြေအားလုံး ရှိနေတာပဲကို"

"အဲဒါကလေငါက နင့်ထက် ဘယ်လိုပြောရမလဲ၊အတွေ့အကြုံကြောင့်လို့ ဆိုရမလား။ လူတွေနဲ့ ပေါင်းဖူးတော့ အကြောင်းသိလို့ပါ။ လူတွေနဲ့ ပေါင်းတာများလာရင် ဘယ်သူက ဘယ်လိုဆိုတာ နားလည်လာတာပဲဟ"

"ငါက လူတွေနဲ့ အဲဒီလိုမှ မပေါင်းတတ်တာ"

"အဲဒါက အပြစ် မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှ လိုက်ပြီး အနှောင့်အယှက် မပေးနေသရွေ့ နင် အဆင်ပြေပါတယ်"

"ငါ နင့်လို အရာအားလုံးအတွက် အဖြေရှိချင်တယ်"

ကျွန်မ ထုတ်တော့ မပြောမိပါ။ စိတ်ထဲကပဲ ရေရွတ်နေမိတယ်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၅ )

ကျွန်မမှာ မကြီးထက် သာတဲ့ အချက်တစ်ချက်တော့ ရှိတယ်။ အဲဒါက ကျွန်မက သူ့ထက် စည်းကမ်းရှိတာပဲ။ မကြီးက တစ်နှစ်မှာ ထီးတော်တော်များများ လဲရတယ်။ ဖျောက်ပစ်တာနဲ့၊ ကျိုးသွားတာနဲ့၊ သူများကို ငှားလိုက်လို့ ပြန်မရတာနဲ့။ တစ်ခါတစ်ခါ လမ်းဘေးက ခွေးလေးမိုးရေစိုနေလို့ မိုးပေးခဲ့တာက ပါသေး။ မေမေလည်း အာပေါက်အောင် ဆုံးမပါတယ်။ ဒါပေမဲ့ မမှတ်ဘူး။ အမယ်၊ သူက ဆောင်းတော့လည်း ရိုးကောက်ထီးမှ ဆောင်းတာ။ သူ လမ်းမှာ မကျေနပ်တဲ့သူ တွေ့ရင် ကောက်ရိုက်လို့ ရအောင်တဲ့။ ကျွန်မအတွက် တစ်နှစ်ကို တစ်လက်လောက်ဆိုလုံလောက်ပြီ။ မကြီးက သူ့မှာ ရှိတဲ့ ပစ္စည်းတွေကို ထိန်းသိမ်းဖို့ သိပ်စိတ်မဝင်စားဘူး။ ကျွန်မက ကပ်စေးနှဲတယ်။ ပစ္စည်းတွေကို ခင်တတ်တယ်။ ပေတံ တစ်ချောင်းလောက် ပျောက်ရင် ဝမ်းနည်းမဆုံး။ မကြီးက ခုပျောက်၊ ခုဝယ်၊ ပျော်ပျော်ပဲ။ ကျွန်မက မကြီးကို အဲဒါတွေ မကြိုက်တာ။ အလေးအနက်ကို မရှိဘူး။ သူ့ကို သွားပြောရင် သူက 'သက်မဲ့ ပစ္စည်းတွေက အရေးမကြီးဘူး' ဆိုပြီး တုံ့ပြန်မှာ သေချာတယ်။ သက်မဲ့ပစ္စည်းလည်း သက်မဲ့အလျောက်ပေါ့၊ ထိန်းသိမ်းသင့်ရင်

mgyoe.com

mgyoe.com


ထိန်းသိမ်းရမှာပေါ့။ သက်မဲ့ပစ္စည်းတွေသာ အရေးမပါတမ်း ဆိုရင် ဘယ်သူက စိန်၊ ရွှေတွေကို ပိုက်ဆံ အများကြီးပေးပြီး ဝယ်မှာလဲ။

တစ်နေ့တော့ သူ အပြင်ထွက်စရာရှိလို့ ဆိုပြီး ကျွန်မဆီက ထီး လာငှားတယ်။

"နင့်ထီးက ဘာဖြစ်သွားလို့လဲ"

"ငါ ဘယ်မှာ ထားခဲ့မှန်း မမှတ်မိတော့ဘူး၊ မေမေ့ကို မပြောနဲ့နော်"

အမှန်အတိုင်းပြောရရင် ကျွန်မ လုံးဝ မငှားချင်ဘူး။ ကျွန်မထီးကို ကျွန်မ အရမ်းကြိုက်တာ။ အစိမ်းရောင်နောက်ခံမှာ အဖြူရောင် ပန်းပွင့်လေးတွေနဲ့။ ကျွန်မ ဆောင်းနေတာ ခြောက်လလောက် ရှိပြီ။ သူ ဖျောက်ပစ်ရင် ဒုက္ခပဲ။ ကျွန်မ မငှားဘူးလို့ ပြောရင်လည်း သူ စိတ်ဆိုးသွားဦးမယ်။ ကျွန်မ မတတ်သာဘဲ ငှားလိုက်ရတယ်။ ပြန်ရောက်လာတော့ ထီးလည်း ပြန်ပါလာတယ်။ အေးအေးဆေးဆေးပဲ။ သုံးကြိမ်မြောက် ငှားတဲ့နေ့မှာ ပြဿနာတက်တာ။ သူ ကျွန်မ ထီးကို ငှားသွားပြန်တယ်။ အဲဒီနေ့က မှတ်မှတ်ရရ မိုးတအားသည်းတဲ့ စနေနေ့။ သူက သူတို့ လူငယ်ပရဟိတအဖွဲ့နဲ့ အလှူသွားခဲ့တာလား မသိဘူး။ ကျွန်မကို လိုက်ဖို့ ခေါ်ပေမယ့် ကျွန်မ မလိုက်သွားဘူး။ ပြန်ရောက်လာတော့ တစ်ကိုယ်လုံး ရွှဲစိုလို့။ ကျွန်မက သူ့ကို မြင်မြင်ချင်း 'ထီးကော' လို့ ဆီးမေးလိုက်တယ်။

သူက ကျွန်မကို ကြည့်ပြီး 'သူငယ်ချင်းတစ်ယောက် ငှားသွားလို့' တဲ့။ ကျွန်မရင်ထဲမှာ ဂလုဂလု ဖြစ်လာပြီ။ 'ဘယ်သူငယ်ချင်းလဲ' လို့ ထပ်မေးတယ်။ သူ့သူငယ်ချင်း တော်တော်များများကို ကျွန်မ သိတယ်လေ။

"နင်မသိတဲ့ တစ်ယောက်"

"သူက ပြန်ပေးမှာလား"

"ပေးမှာပေါ့၊ ပေးလိမ့်မယ်"

"ခေမာ၊ နင် ငါ့ထီးကို ငါ့ဆီ အရောက်ပြန်ပေးရမယ်နော်၊ နင် ဖျောက်မပစ်နဲ့၊ ငါ ဘာနဲ့ ကျောင်းတက်ရမှာလဲ"

"မိုးကာအင်္ကျီနဲ့ တက်"

"နင့်ကို မေမေနဲ့ တိုင်ပြောမယ်"

"ပြောဟာ၊ ရှုပ်တယ်၊ ထီးလေးတစ်ချောင်းကို ဖြစ်ပျက်နေလိုက်တာ"

"ဟဲ့... ထီးပေမယ့် ငါ့ထီးဟဲ့၊ ငါ ဂရုတစိုက် ထိန်းသိမ်းတဲ့ ထီးဟဲ့။ နင့်လို ပရမ်းပတာကြဲ့ရာ ဖျောက်ထားခဲ့တာ မဟုတ်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

သူ ရုတ်တရက် လည်ပင်းအကြောတွေ ထောင်လာတယ်။

"ဟဲ့… ကြည်ပြာ၊ နင် ဘာဖြစ်နေတာလဲ၊ ငါ ပြန်ယူပေးမယ်လို့ ပြောပြီး ပြီလေ"

"နင့်ကို အစကတည်းက ငါ့ထီးကို မငှားချင်တာ"

"သြော်… ဟုတ်လား၊ နင်က ထီးကို လူထက် တန်ဖိုးထားပုံပဲ"

"ဟဲ့… ငါက နင့်ထက် အဆတရာလောက် စည်းကမ်း ရှိတယ်။ ငါ…"

ကျွန်မ ဆက်မပြောနိုင်။ မျက်ရည်တွေ ဝဲတက်လာတာကြောင့်ပါ။ ကျွန်မမှာ သူ့ထက် သာတာဆိုလို့ ဒီစည်းကမ်းရှိတာလေးပဲ ရှိတာလေ။ အဲဒါက သူ့ဘက်က ကြည့်တော့ ဘာမှ အရေးမပါဘူးလား။

"ငါ့ထီး ပြန်ပေး"

"ပြန်ပေးမယ်၊ ပြန်ပေးမယ်၊ အခုချက်ချင်း အသစ်ပြန်ဝယ်ပေးမယ်၊ ကျေနပ်ပြီလား"

သူက ဒေါသတကြီး အော်နေတယ်။

"ဟဲ့… ဒီအချိန်မှာ ဒေါသထွက်ရမှာ ငါလေ၊ ငါက ထီးပိုင်ရှင်၊ နင်က ငါ့ထီးကို သူများ ပေးပစ်တာ"

ကျွန်မက ပြန်အော်တယ်။

ခေမာက အခန်းထဲကို ဝုန်းဒိုင်းကြဲပြီး ဝင်သွားတယ်။ ပြန်ထွက်လာတော့ သူ့ပိုက်ဆံအိတ်ကို ယူလာတယ်။ ကျွန်မကို မကြည့်ဘဲ–

"လာ… ဈေးလိုက်ခဲ့၊ ငါ နင့်ကို ထီးအသစ် ဝယ်ပေးမယ်"

မေမေက မီးဖိုချောင်ထဲမှာ ရှိနေတာရယ်၊ မိုးကလည်း သည်းနေတာကြောင့်ရယ်၊ ဖေဖေက အပြင်သွားနေတာကြောင့်ရယ် ကျွန်မတို့ နှစ်ယောက် ဖြစ်နေတာတွေကို မသိလိုက်ဘူး။ သူက အိမ်ရှေ့ခန်းက ဟိုနားဒီနားသွားရင် သုံးတဲ့ ထီးကောက်ကို ယူပြီး ဆင်းသွားတယ်။ ကျွန်မလည်း နောက်တစ်ချောင်း ယူပြီး လိုက်သွားတယ်။

ကျွန်မတို့နှစ်ယောက်က ဈေးက ထီးဆိုင်ကို ရောက်သွားတယ်။ ခေမာက ပြောတယ်။

"ရွေးစမ်း စိတ်ကြိုက်"

ကျွန်မက သူ့ကို ပြန်မေးတယ်။

"နင်ပြောတော့ သူငယ်ချင်း ငှားသွားတာဆို"

mgyoe.com

"ဒါပေမဲ့ ငါ နင့်အပြောအဆို မခံနိုင်ဘူး"

ကျွန်မ စိတ်တိုလာတယ်။

"အပြောအဆို မခံနိုင်ရင် အစကတည်းက ငါ့ထီး မယူနဲ့လေ"

"နောက်တစ်ခါသေတောင် မယူဘူး စိတ်ချ။ အခုရွေးပါ၊ နင့်စိတ်ကြိုက် ထီးတစ်ချောင်း"

"ငါက ငါ့ထီးပဲ လိုချင်တာ"

"ကြည့်ပြာ၊ ပါးစပ်ပိတ်ပြီး တစ်လက် ရွေးလိုက်၊ ဟုတ်ပြီလား"

"ဟဲ့... နင်က ငါ့ထီးလည်း ယူသေး"

"နင့်ထီး ပျောက်သွားပြီ၊ မရှိတော့ဘူး"

"ငါသိသားပဲ၊ အဲဒီလိုဖြစ်လာမယ်ဆိုတာ၊ နင်က သူများပစ္စည်းကို တန်ဖိုး မထားတတ်တဲ့သူ၊ နင်က အရမ်း ပစ်စလက်ခတ် လုပ်တာပဲ"

"အနည်းဆုံးတော့ ငါက မိုးရေတွေ ရွှဲပြီး ပြန်လာတဲ့လူကို ငါ့ထီး ဘယ်မှာ လဲလို့ ဆီးမေးရလောက်အောင် တစ်ကိုယ်ကောင်းဆန်တဲ့လူ မဟုတ်ဘူး"

ကျွန်မ သူ့ကို ဆောင့်တွန်းပစ်လိုက်တယ်။ သူ လဲကျသွားတယ်။ သူ ချက်ချင်း ပြန်ထပြီး ကျွန်မကို ထီးနဲ့ရိုက်တယ်။ ကျွန်မလည်း ပြန်ရိုက်တယ်။ ထီးဆိုင်က အဒေါ်ကြီး ထွက်လာပြီး ကျွန်မတို့နှစ်ယောက်ကို ဖျန်ဖြေဖို့ ကြိုးစား တယ်။ ဈေးက လူတွေလည်း ဝိုင်းကြည့်နေကြတယ်။ ကျွန်မ အဲဒီအချိန်မှာ ဒေါသ ကြောင့် ရှက်ရမယ် ဘာမယ်လည်း မသိဘူး။

"ဘာမှ မကောင်းတဲ့ ဟာမ၊ နင် ငါ့အစ်မ မဟုတ်ဘူး"

"ငါလည်း မဖြစ်ချင်ဘူး၊ နင့်ကို မုန်းလွန်းလို့"

မိုးကလည်း သည်းလိုက်တာဆို သူက ကျွန်မတို့နှစ်ယောက်ထက် ပိုဒေါသ ကြီးနေသလိုပဲ။ ဈေးက လူကြီးတွေက ဝင်ဆွဲပြီး ကျွန်မတို့နှစ်ယောက်ကို ခွဲထား ရတယ်။ နှစ်ယောက်လုံး ငိုနေကြတာ။ တစ်ယောက်ယောက်က မေမေ့ကို ဖုန်း ဆက်လိုက်ပုံပဲ။ ခဏကြာတော့ မေမေ ရောက်လာတယ်။ သူ့မျက်နှာမှာ စိုးရိမ် စိတ်တွေနဲ့။ ကျွန်မတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်ပြီး "လာ...အိမ်ပြန်မယ်" ဆိုပြီး ပြောတယ်။

အိမ်ရောက်တော့ မိုးနည်းနည်း တိတ်သွားပြီ။ ကျွန်မတို့ နှစ်ယောက်ရဲ့ ရင်ထဲမှာတော့ မိုးပြိုတုန်း။ ဖေဖေလည်း ရောက်နေပြီ။ မျက်နှာ မကောင်းဘဲ ပြန်လာတဲ့ သုံးယောက်ကို ကြည့်ပြီး မေမေ့ကို မေးငေါ့တယ်။ မေမေက ဖေဖေ့

mgyoe.com

ကို ဆွဲခေါ်သွားပြီး ရှင်းပြပုံပဲ။ ဖေဖေက ကုလားထိုင်ပေါ် လာထိုင်ပြီး ကျွန်မတို့ နှစ်ယောက်ကို ကြည့်ပြီး မေးတယ်။

"ကဲ... အဲဒီတော့ ဘာဆက်ဖြစ်ကြလဲ"

ကျွန်မက ငိုကြီးချက်မနဲ့ အဖြစ်အပျက်ကို ထုံးစံအတိုင်း ငိုသံတစ်ဝက်နဲ့ ဖောက်သည်ချတယ်လေ။ မကြီးက မငိုတော့ဘူး။ တိတ်နေတယ်။ ဖေဖေက သူ့ဘက်လှည့်ပြီး ပြောတယ်။

"ခေမာ၊ သမီးက သူများအပေါ်မှာ သည်းခံနိုင်လွန်းလို့ ညီမအရင်းကို သည်းခံနိုင်ဖို့ ခံနိုင်ရည် မရှိတော့တာလား"

မကြီးက ငြိမ်နေတုန်းပဲ။

"အဝေးပဲ မြင်ပြီး အနီးမှုန်တယ် ဆိုပါတော့"

ဖေဖေက ဆက်ပြောတော့ သူ့ပါးစပ်ကို တင်းတင်းစေ့ထားတယ်။ ဖေဖေက အေးအေးပြောနေပေမယ့် အသံက မာနေတယ်။ အမှန်အတိုင်းပြောရရင် မကြီး အဆူခံရလို့ ကျွန်မ ဝမ်းသာမယ် ထင်ထားပေမယ့် အခုတော့ ကျွန်မ အပြစ်မကင်းသလို ခံစားရတယ်။

"ငါပြောတာ နားထောင်နေလား ခေမာ"

ခေမာ ပါးစပ်ကို တင်းတင်းစေ့ထားတုန်းပဲ။ လုံးဝ ပြန်မပြောဘူး။ သူ့ပုံစံက သူပြန်ပြောရင် စကားလုံးတွေက ဓားသွားလို ရှမယ့်ပုံပဲ။ သူ့မျက်လုံးတွေက အေးစက်နေတယ်။ မေမေက အခြေအနေကို ဝင်ထိန်းတယ်။

"ကြည်ပြာ၊ အဝတ်အစား သွားလဲ၊ နေမကောင်း ဖြစ်ဦးမယ်။ ခေမာလည်း သွားလဲ၊ သွား..."

ဖေဖေက ကျွန်မကို ကြည့်ပြီး ပြောပြန်တယ်။

"ကြည်ပြာ၊ ရန်ဖြစ်တာ ဖေဖေ မကြိုက်ဘူးနော်၊ ရန်စတာလည်း မကြိုက်ဘူး၊ ကြပ်ကြပ်သတိထားကြ"

ကျွန်မ တစ်ခုခု ပြန်ပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ခေမာတောင် ဘာမှ မပြောသေးတာ၊ ကျွန်မ ဘာလို့ပြောရမှာလဲ။ ကျွန်မ အခန်းထဲကို အဝတ်အစားလဲဖို့ ဝင်သွားတယ်။ ခေမာက လိုက်မဝင်ဘူး။ ကျွန်မက သူပါ ဝင်မယ်ထင်ထားတာ။ သူ ကျွန်မနဲ့ တစ်ခန်းတည်း မရှိချင်ဘူးပေါ့။ ကောင်းပြီလေ။

ကျွန်မတို့နှစ်ယောက် အဝတ်အစားလဲပြီးတော့ ဖေဖေက ဆက်ဆူတယ်။

"မင်းတို့ကကွာ၊ ဒီလောက် မိုးထဲ လေထဲမှာ သူများဆိုင်ရှေ့မှာ မရှက်

mgyoe.com

mgyoe.com

ကြဘူးလား။ အခုနှစ်ယောက်လုံးမှာ ထီးမရှိကြဘူး မဟုတ်လား။ အေး... ငါလည်း ထပ်မဝယ်ပေးဘူး။ အိမ်သုံး ရိုးကောက်ထီးနဲ့တက်ကြ။ ညှိနှိုင်းယူလို့ရတဲ့ ကိစ္စကို တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ပြီးမှ ဘယ်သူမှလည်း ဘာမှ အကျိုးမရှိတဲ့ ကိစ္စဆိုကတည်းက မင်းတို့နှစ်ယောက်လုံး ဘယ်လောက် မဟုတ်လည်း စဉ်းစားသာ ကြည့်ကြတော့"

ဖေဖေက တော်တန်ရုံနဲ့ ကျွန်မတို့ကို မဆူဘူးဆိုတော့ ကျွန်မတို့ ဇက်ပု နေရတယ်။ ညအိပ်ရာဝင်တော့ မကြီးက အခန်းထဲဝင်ပြီး သူ့ခုတင်ပေါ် တက်ပြီး စောင်ခြုံအိပ်နေတယ်။ သူ ကျွန်မကို စိတ်ဆိုးနေတုန်းပဲ ဆိုတာ မပြောလည်း သိပါရဲ့။ ဆိုးပေ့။ ကျွန်မတစ်ယောက်တည်း လွန်တာမှ မဟုတ်တာ။ အဲဒီလို တွေးပြီး သူ့ကို တော်တော် စိတ်ဆိုးလာတယ်။ အိပ်မပျော်တော့ ဟိုလှိမ့် ဒီလှိမ့်နဲ့ ခေါင်းအုံးအောက်ကို လက်ထိုးထည့်လိုက်မိတယ်။ အဲဒီမှာ ကတ်တစ်ကတ် စမ်းမိ တယ်။ သူ ကျွန်မကို Happy Birthday ဆိုပြီး ရေးပေးထားတဲ့ ကဗျာပါတဲ့ ကတ် ပေ့။ ကျွန်မရဲ့ ပထမဆုံးအကြံက အဲဒါကို အမှိုက်ပုံးထဲ သွားထည့်မလို့ပါ။ ပြီး တော့မှ မလုပ်တော့ဘူးဆိုပြီး ခုတင်ခြေရင်းက အိတ်တစ်လုံးထဲ ထည့်ထားလိုက် တယ်။ မျက်ရည်က ကျလာပြန်ရော။ ကျွန်မ သူ မကြားအောင် တိတ်တိတ်လေးပဲ ငိုနေခဲ့တယ်။

ဒီလိုနဲ့ မကြီးဟာ ကျွန်မကို စကားမပြောတော့ပါဘူး။ ကျောင်းကို လာကြို ပေးမယ့် ဒီအတိုင်း အေးစက်စက်ပဲ။ သူဒီလောက်လေးနဲ့ အဲဒီလောက် ဖြစ်စရာ မလိုဘူး မဟုတ်လား။ ရုပ်ရှင်ကြည့်လည်း ကျွန်မကို မခေါ်တော့ဘူး။ ဖေဖေနဲ့ မေမေကတော့ ဘာမှမပြောဘဲ စောင့်ကြည့်နေကြတယ်။ ကျွန်မလည်း ကိုယ့် ဘာသာကိုယ် နေတတ်အောင် ကြိုးစားရတာပေ့။

▲

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၆ )

မကြီးနဲ့ ကျွန်မဟာ ကျူရှင်တစ်ခုတည်း တက်ပေမယ့် အချိန်မတူဘူး။ တနင်္ဂနွေနေ့ဆို သူက ၄ နာရီမှာ ဆင်းပြီး ကျွန်မက ၄ နာရီမှ တက်တယ်။ အိမ်နဲ့ နည်းနည်းလှမ်းတာကြောင့် ကျွန်မ တကယ်လို့ နောက်ကျနေရင် ဆိုက်ကားစီးလေ့ ရှိတယ်။ ကျွန်မတို့ ကျူရှင်ကို သွားရတဲ့လမ်းက တစ်ဖြောင့်တည်း သွားရတာ။ အိပ်မက်ရိပ်သာလမ်းလို့ ခေါ်တယ်။ သူက ရပ်ကွက်နှစ်ခုကို ပိုင်းထားတဲ့ လမ်း။ ကျွန်မတို့ ရပ်ကွက်က ဇာမဏီရပ်ကွက်၊ ဟိုဘက်က ခရေကုန်းရပ်ကွက်။ အိပ်မက်ရိပ်သာလမ်းမှာ လမ်းခွဲတွေ အများကြီး ရှိတယ်။ အဲဒါက ဟိုဘက် ခရေကုန်းရပ်ကွက်ကို ရောက်သွားတဲ့ လမ်းတွေ။ ကျွန်မ အဲဒီဘက် ရပ်ကွက်ကို လုံးဝမကျွမ်းဘူး။ ကျွန်မနဲ့ အစိမ်းသက်သက်။ တစ်ညနေ ကျွန်မ ကျူရှင်နောက်ကျနေတာနဲ့ ဆိုက်ကားစီးဖြစ်တယ်။ ဆိုက်ကားက အလှည့်ကျတဲ့ ဆိုက်ကားစီးတာဆိုတော့ ကျွန်မ ဆိုက်ကားဆရာတွေလည်း မမှတ်မိဘူး။ စကားပြောဖို့လည်း မကြိုးစားမိဘူး။ ဒီနေ့ ကျွန်မ စီးလာတဲ့ ဆိုက်ကားဆရာကိုလည်း ကျွန်မ မမြင်ဖူးဘူး။ အစကတော့ ဆိုက်ကားဆရာက အကောင်းပဲ။ လမ်းတစ်ဝက်ရောက်တော့ လမ်းကြားတစ်ခုထဲကို ကွေ့ချလိုက်တယ်။ ကျွန်မ လန့်သွားတယ်။ မရဲတရဲနဲ့ ပြောမိတယ်။

mgyoe.com

"ဦးလေး၊ သမီးကျူရှင်က အတည့်အတိုင်းပဲ"

"သိတယ်၊ အဲဒီလမ်း ပြင်နေလို့"

ကျွန်မ သိသလောက် အကောင်းကြီးပါ။ သူဆိုက်ကားကို အမြန် နင်းတယ်။ ကျွန်မ အရမ်းကြောက်လာတယ်။ ဘာလုပ်ရမှန်းလည်း မသိဘူး။ ရပ်ခိုင်းရမလား။ ဖြစ်ချင်တော့ သူ ဖြတ်မောင်းချသွားတဲ့ လမ်းကလည်း လူပြတ်လိုက်တာ လွန်ပါလေရော။ ဒါ ကျွန်မ လုံးဝမကျွမ်းကျင်တဲ့ ရပ်ကွက်ကြီး။ ကျွန်မ ငိုချင်လာတယ်။ သူ ဘာလို့ အဲဒီလိုကြီး နင်းနေတာလဲ။ ကံကောင်းလို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ သူ ရပ်လိုက်တယ်။ ပြီးတော့ ကျွန်မကို ရောက်ပြီတဲ့။ အဲဒီလိုပြောပြီး ဆိုက်ကားခကို ပုံမှန်ထက် နှစ်ဆတောင်းတယ်။ ကျွန်မလည်း အရမ်းကြောက်နေတာနဲ့ ပေးလိုက်တယ်။ ကျွန်မက "ဒါ သမီး ကျူရှင် မဟုတ်ဘူး" လို့ ဆိုတော့ "ရှေ့ကို ခဏလျှောက်သွားရင် ရောက်ပြီ" တဲ့။ အဲဒီလူကြီး လိမ်နေတာ သိပေမယ့် ကျွန်မ ဘာမှ ပြန်မပြောတတ်ဘူး။ ကျွန်မ ဘယ်သွားရမှန်းလည်း မသိဘူး။ လက်ဖက်ရည်ဆိုင်မှာလည်း ယောကျ်ားတွေချည်းပဲ။ ကျွန်မ အရမ်းတုန်လှုပ်လာတယ်။ ကျွန်မ မကြီးကို ရှိနေစေချင်လိုက်တာ။

ကျွန်မရှေ့ကို ဆက်လျှောက်လာတယ်။ မှန်လား ၊ မမှန်လားလည်း မသိဘူး။ နာရီကို ကြည့်တော့ ၄ နာရီ၊ ၅ မိနစ် ဖြစ်နေပြီ။ ကျွန်မ နောက်ကျနေပြီ။ ကျွန်မ တဝဲလည်လည်နဲ့ ဆက်လျှောက်လာလေလေ လူသူလေးပါး မမြင်လာလေလေပဲ။ ကျွန်မလေ တစ်ခါမှ ဒီလောက် မကြောက်ဖူးဘူး။ မျက်ရည်တွေလည်း ဝဲလာတယ်။ ၁၅ မိနစ်လောက် ဦးတည်ရာမဲ့ လျှောက်နေမိတယ်။ နောက်တော့ ကျွန်မ ဘယ်လိုမှ မတတ်နိုင်တာနဲ့ ခုနက လက်ဖက်ရည်ဆိုင်ကို ပြန်လာပြီး ဆိုင်ရှင်ကို ဖုန်းဆက်လို့ရလားလို့ မေးတယ်။ ပြီးတော့ ကျွန်မ အိမ်ဖုန်းကို ဆက်လိုက်တယ်။ လာကိုင်တာက မကြီး။ သူတောင် ကျူရှင်က ပြန်ရောက်နေပြီ။

"ဟဲလို"

"ဟဲလို၊ မကြီး၊ နင်လား"

ကျွန်မအသံတွေ တိမ်ဝင်နေတယ်။

"အေး… နင် ကျူရှင်မှာ မဟုတ်ဘူးလား"

"ငါ ဘယ်မှာမှန်း မသိဘူး"

"ဟမ်… ဘာဖြစ်လို့လဲ"

"ဆိုက်ကားဆရာက ငါ့ကို ဘယ်မှာ ချထားခဲ့မှန်း မသိဘူး"

mgyoe.com

m gyoe.com

ကျွန်မ ပြန်ပြောပြတော့ မကြီးက စိုးရိမ်တကြီး ပြန်မေးတယ်။

"နေဦး... နေဦး... သူ ဘယ်ကနေ ဝင်သွားလဲ သိလား"

"မသိဘူး၊ လမ်းကြားတစ်ခုထဲ ချိုးဝင်လိုက်တာပဲ"

"ဘယ်နားက လမ်းကြားလဲ"

ကျွန်မ သူ့ကို ပြောပြတော့ သူက ကျွန်မကို ပြောတယ်။

"အဲဒီမှာ စောင့်နေ၊ ဘယ်မှ မသွားနဲ့၊ ငါလာခေါ်မယ်"

ကျွန်မ ဖုန်းကို ချလိုက်ပြီး အဲဒီမှာ စောင့်နေလိုက်တယ်။ သူ့အသံကို ကြားလိုက်ရတော့ ငါ့ကိုလာခေါ်တော့မယ်ဆိုတဲ့အသိကြောင့် နည်းနည်း သက်သာရာ ရပေမယ့် အခုထိ ကျွန်မ ဘယ်နေရာမှာမှန်း မသိသေးတော့ ရင်ထဲမှာ အားငယ်နေဆဲပါပဲ။

နောက်ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာတော့ ကျွန်မ ကလင်ကလင်ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။ ကမ္ဘာမှာ ကြားဖူးသမျှ အသံတွေထဲမှာ ဒီတစ်ခါ ကြားဖူးတဲ့ အသံလောက် အမှောင်ခွင်း အလင်းဆောင်တဲ့ အသံ မကြားဖူးဘူးရယ်။ ကျွန်မ ပြေးသွားပြီး "မကြီး" လို့ ခေါ်ပြီး သူ့ကို ဖက်ထားလိုက်တယ်။ ညီအစ်မကြားမှာ မခေါ်ဘူး၊ မပြောဘူး ဆိုတာ တကယ်အရေးကြုံလာရင် အလကားတွေပါ။ သူကလည်း အရမ်းစိုးရိမ်နေပုံပါပဲ။

"ကြည့်ပြာ၊ နင် အဆင်ပြေလား၊ ငါ နင့်ကိုလိုက်ရှာနေတာနဲ့ ကြာသွားတာ"

ကျွန်မ မပြေပါဘူး။ ကလေးပေါက်စ တစ်ယောက်လို ချုံးပွဲချ ငိုနေမိတယ်။ တစ်ခါမှ အဲဒီလောက် မကြောက်ဖူးဘူးလေ။ သူ ကျွန်မကို တဖွဖွ နှစ်သိမ့်နေပေမယ့် အဲဒီအချိန်မှာ ကျွန်မအတွက် အလိုအပ်ဆုံးက ငိုကြွေးဖို့ ပခုံး တစ်ဖက်ပါပဲ။

နောက်တော့ မကြီးက ကျွန်မကို ကျူရှင် လိုက်ပို့တယ်။ ၄၅ မိနစ်လောက် နောက်ကျသွားတယ်။ ကျွန်မအတွက်တော့ ငရဲပြည်က ၄၅ မိနစ်လိုပါပဲ။ မကြီးက ဆရာမကြီးကို အဖြစ်အပျက်ကို ရှင်းပြတော့ ဆရာမကြီးက "တော်သေးတာပေါ့၊ ဆိုက်ကားဆရာတွေထဲမှာလည်း ဂြိုဟ်ကောင်တွေရှိတာ ခက်တာပဲ" တဲ့။ သေချာတာက ကျွန်မ ဆိုက်ကား သိပ်စီးရဲတော့မှာ မဟုတ်ဘူး။ အဲဒီနေ့က မကြီးက မပြန်ဘဲ ကျွန်မကို အပြင်မှာ စောင့်နေတယ်လေ။ ပြန်လာတော့ လမ်းမှာ ပြောတယ်။

"ကြည့်ပြာ၊ နင် စက်ဘီးစီး သင်ရမယ်၊ ငါ သင်ပေးမယ်" တဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မက ချော်လဲမှာစိုးလို့ စက်ဘီး မစီးရဲဘူးလေ။ အခုတော့ အဲဒီထက်ဆိုးဝါးတဲ့ အကြောက်တရားနဲ့ တွေ့ပြီးပြီမို့ သင်သင့်ပြီ ထင်တာပဲ။ သူက ဆက်ပြောတယ်။

"ဒါနဲ့ အဲဒီဆိုက်ကားဆရာ ဘယ်သူလဲ၊ ငါ့ကိုပြ" တဲ့။

ဆိုက်ကားဂိတ်ကို ရောက်တော့ အဲဒီလူကြီးကို မတွေ့ဘူး။ ဒါပေမဲ့ မကြီးက အဲဒီဆိုက်ကားဂိတ်က ဆိုက်ကားသမားတချို့နဲ့ သိတယ်။ သူက ကျွန်မရဲ့ အဖြစ်ကို ပြောပြတယ်။ ကျွန်မကို ပုံစံပြောပြခိုင်းတော့ ဒွေးကြွယ် ဖြစ်လိမ့်မယ်တဲ့။ သူတို့လည်း မကျေနပ်ကြဘူး။ သူတို့ပါ ပြောပေးမယ်တဲ့။ ကျွန်မ အဲဒီလူကြီးကို မုန်းလိုက်တာ။ ပြီးတော့ ပြန်လာတုန်းကလည်း လမ်းပြင်နေတာ မတွေ့မိပါဘူး။ ကျွန်မ လူတွေကို တော်တော်ကြောက်သွားတယ်။

ကျွန်မအစ်မက ပိုတောင် မကျေနပ်ဘူး။ ဒါကြောင့် နောက်နေ့ ကျွန်မကို စက်ဘီးပေါ် တင်ခေါ်လာပြီး ဆိုက်ကားဂိတ်ကို သွားပြန်တယ်။ အဲဒီ ဒွေးကြွယ်ဆိုတဲ့ လူကြီးများ ရှိမလားလို့လေ။ တန်းပြီးတော့ကို တွေ့တော့တာပဲ။ ကျွန်မ လက်ညှိုးထိုးပြတော့ မကြီးက အဲဒီလူကြီးဆီ သွားပြီး မေးတယ်။

"ဦးလေးက သမီးညီမကို ဘယ်မှာ ချပစ်ခဲ့တာလဲ"

အဲဒီလူကြီးက ရယ်သလိုလို ဘာလိုလိုနဲ့-

"ဟမ်... အဲဒါ သူ့ကျူရှင်နဲ့ ဘယ်လောက်မှ မဝေးဘူးလေ"

"ဘယ်လောက်မှ မဝေးဘူး ဆိုတဲ့ စကားကို သူ့ကျူရှင်ကို သူ လှမ်းမြင်နေရတဲ့ အချိန်မှ ပြောပါ"

"အောင်မာ၊ မင်းက ဘာမို့လို့လဲ၊ ငါ့ကို အော်နေရအောင်၊ မလောက်လေး မလောက်စားနဲ့၊ လူကြီးကို ရိုသေရကောင်းမှန်း မသိတာလား"

"အချိုးမကျရင်တော့ ပြောရမှာပဲ ဦးလေး။ ကြီးသူကိုပဲ ရိုသေရတာ မဟုတ်ဘူး။ အငယ်ကိုလည်း စောင့်ရှောက်ရတယ် ဆိုတဲ့ အခြေခံလူ့ကျင့်ဝတ်ကို နားလည်ရင် ဒီလို ဖြစ်လာစရာအကြောင်း မရှိဘူး။ တစ်နပ်စားပဲ ကြံနေရင် ဦးမကြာခင် ငတ်မှာပဲ။ မကျေနပ်ရင် ရပ်ကွက်လူကြီးရှေ့မှာ ရှင်းလို့ရတယ်"

မကြီးရဲ့ ပုံစံကို ကြည့်ပြီး ဟိုလူကြီး ဘာပြောရမှန်းမသိဘူး ဖြစ်နေတုန်းမှာပဲ မကြီးက စက်ဘီးကို ဟန်ပါပါနင်းပြီး အိပ်မက်ရိပ်သာလမ်းအတိုင်း ထွက်လာခဲ့တယ်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၄ )

"ဖေဖေ၊ ဟို... ဖေဖေ ရွတ်နေကျ မြင်းနဲ့ ခရီးသည်က သစ်တောအုပ်ကို ကြည့်ပြီး မိုင်တွေ အများကြီး သွားရဦးမယ်လို့ ပြောတာ ဘာကဗျာလဲ"

မကြီးက ဖေဖေ့ကို မေးနေတာ။

"သြော်... အဲဒါ ရောဘတ်ဖရော့စ်ရဲ့ ကဗျာလေ သမီး။ 'Stopping by woods on a snowy evening' လို့ ခေါ်တယ်၊ 'မြူဆိုင်းညနေမှာ သစ်တောအုပ်ကလေးနားမှာ ရပ်တန့်ခြင်း' ပေါ့"

"အဲဒါက ဘာအကြောင်းလဲ"

"အဲဒါက အိပ်ရာဝင်ခါနီး သူ လုပ်လက်စ အလုပ်တွေ မပြတ်သေးလို့ မအိပ်ဘဲ ဆက်လုပ်ရဦးမယ်လို့ပြောတာပေ့ါ။ ညည်း စာမေးပွဲနီးရင် ဖြစ်နေကျ အတိုင်းလေ"

မေမေက ဝင်ပြောတာပါ။

"ဟာ မေမေကလည်း၊ သမီးက အကောင်းမေးတဲ့ ဟာကို"

"ဟဲ့... ငါက မကောင်းဖြေနေလို့လား"

"မဟုတ်ဘူးလေ၊ ကဗျာရဲ့ တကယ့်အဓိပ္ပာယ်ကို မေးတာ၊ မကြီးနော်၊ ဒီမှာ ဈာန်ဝင်နေပါတယ်ဆို"

mgyoe.com